www.burmeseclassic.com

Fainmakathit presents

BURMESE CLASSIC .com

လူနေ

# သမီးရည်းစားအဘိဓာန်

LUNAY LOVER'S DICTIONARY



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၁၄၀၃၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၄၈၀၃၁၀

ထုတ်ဝေသူ - ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)
၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊
တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း
(ကာလာဇုန်ပုံနှိပ်တိုက်)
၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း - Ye' Lay

ပုံနှိပ်ခြင်း - ပထမအကြိမ်
ဖေဖော်ဝါရီလ၊ ၂၀၁၁ ခုနှစ်၊

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

ဖြန့်ချိရေး - ရသစာအုပ်တိုက်၊

၈၉၅ . ၈၃

လူနေ

သမီးရည်းစားအဘိဓာန် ၊ လူနေ - ရန်ကုန်
အိပ်မက်အသစ် ၊ ၂၀၁၁။
၁၅၄- စာ၊ ၁၂ × ၁၈.၅ စင်တီမီတာ။
(၁) သမီးရည်းစားအဘိဓာန်


**အိပ်မက်အသစ် မှ ထုတ်ဝေပြီး စာအုပ်များ**

| | | |
|---|---|---|
| ၁၃။ | ရိုးရာသီတတ်ချိုး | တာရာမင်းဝေ၊ ဝေမှုံးသွင် |
| ၁၄။ | ကမ်းစပေလှောင်းအိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၁၅။ | ပုဂ္ဂိုလ်တစ်ဦး၏ တလှုပ်ဒါအရသာ | ဝေမှုံးသွင် |
| ၁၆။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှုံးသွင် |
| ၁၇။ | မင်းလူ…ဝေမှုံးသွင်…L မင်းပြည့်မှန် | မင်းလူ၊ ဝေမှုံးသွင်၊ L မင်းပြည့်မှန် |
| ၁၈။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မှန် |
| ၁၉။ | ငှက်နီးတွန်မိုး | သတိုးဝေ |
| ၂၀။ | စောင့်နေသူ | သတိုးဝေ |
| ၂၁။ | ညည့်နက်သန်းခေါင်ခွေးတစ်ကောင် | သတိုးဝေ |
| ၂၂။ | ဂွလမ်းခြင်းမရှိသည် | သတိုးဝေ |
| ၂၃။ | အကြောင်းမှတ်ဉာဏ်အဆိုင်းအစများ | ဝေမှုံးသွင် |
| ၂၄။ | ချစ်သူရှာ | လူနေ |
| ၂၅။ | ညည်းတွားရိုက်တဲ့ နံသ | သတိုးဝေ |
| ၂၆။ | [illegible] | ဒီဇွဲကျော်စွာ |
| ၂၇။ | [illegible] | ဝေမှုံးသွင် |
| ၂၈။ | [illegible] | လူနေ |
| ၂၉။ | [illegible]ay | မင်းခိုက်စိုးစန် |
| ၃၀။ | [illegible]ည်ရောက်သူ | ဒီဇွဲကျော်စွာ |
| ၃၁။ | [illegible] | လူနေ |
| ၃၂။ | [illegible]နိုင်ကလေး | ဝေမှုံးသွင် |
| ၃၃။ | [illegible] | ဒသသကျော်စွာ |
| ၃၄။ | ကြည့်ရာတက်ကြမ္ဘာတို့ | သတိုးဝေ |
| ၃၅။ | 25 | လူနေ |
| ၃၆။ | မိန့်ချမ်းမျက်ရည် | ဒေဝကျော်စွာ |
| ၃၇။ | နှင်းဆီရောင်မှန်တိုင်း | ဝေမှုံးသွင် |
| ၃၈။ | အလင်းအမှောင် ကကြိုး | ဝေမှုံးသွင် |
| ၃၉။ | ဖိုးဖိုးလီ | လူနေ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒထွဋ်ကျော်စွာ |
| ၄၁။ | လှိုက်ညခေါ်သံ | ဒသသကျော်စွာ |
| ၄၂။ | ဆွေမနုတ်ရှင် | ဒထွဋ်ကျော်စွာ |
| ၄၃။ | အချို့မြစ် | လူနေ |
| ၄၄။ | နတ်သမီးအကောင် | လူနေ |
| ၄၅။ | မိဘတ်ကြမ္ဘာ | ဒသသကျော်စွာ |
| ၄၆။ | ဘုရားကြီး | လူနေ |
| ၄၇။ | အကံပျောက်သစ်ပင် | ဒသသကျော်စွာ |
| ၄၈။ | ဒူယိုန်ဆင် နိုင်း | သတိုးဝေ |
| ၄၉။ | နဂါးတွင်းမရှိသည် | ဒထွဋ်ကျော်စွာ |
| ၅၀။ | တတိယမျက်လုံးရှင် | ဒသသကျော်စွာ |
| ၅၁။ | ပါဆယ် | လူနေ |
| ၅၂။ | ဝေါင်း…ဝေါင်း…မြေတစ်ချောင်း | သတိုးဝေ |
| ၅၃။ | မျောကယ်ရှိ | ဒသသကျော်စွာ |
| ၅၄။ | သရဲတွန်း | ဒသသကျော်စွာ |
| ၅၅။ | မိုးမရွာရှာ | လူနေ |
| ၅၆။ | မြေထောလီမ်း မယ်ထားထား | ဒသသကျော်စွာ |
| ၅၇။ | သမီးရည်းစားအဘိဓာန် | လူနေ |

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**

| | | |
|---|---|---|
| ၁။ | ကျေးနိုင်ငံမှ | ဒထွဋ်ကျော်စွာ |
| ၂။ | မြို့တစ်မြို့ | လူနေ |

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# လှူငွေ

## သမီးရည်းစားအဘိဓာန်

BURMESE CLASSIC .com

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

www.burmeseclassic.com

www.burmeseclassic.com



# အမှာစာ

ပထမတော့ ဒီစာအုပ်ကို Valentine's Day မဟုတ်တဲ့ အခြားနေ့တွေမှာထုတ်မလို့ပါပဲ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မထုတ်ဖြစ်ပါဘူး။ အဲဒီထဲက အချက်တစ်ချက်ကို ပြောရရင် -

Valentine's Day နေ့မှာ အမြင်ကြည်နေတဲ့ စုံတွဲတွေဟာ ကျွန်တော့်စာအုပ်ဖတ်လိုက်မှ အမြင်မကြည်တော့ဘဲ 'ဩော် . . . ဒီလိုလား' ဆိုပြီး ဖြစ်သွားမှာ စိုးသောကြောင့်ပါ။

"ဟာ. . . မင်းစာအုပ်က သမီးရည်းစားတွေ မကောင်းကြောင်း ရေးထားလို့လား"

"မဟုတ်ပါဘူး၊ အလွဲအချော်လေးတစ်မျိုးနဲ့ ပြုံးစရာလေးတစ်စိတ်တစ်ဒေသကို ရောမွှေထားလို့ပါ"

"ဒါများကွာ . . . ကြီးကြီးကျယ်ကျယ် ပြောနေရသေးတယ်၊ ဖတ်တော့ရောဘာဖြစ်သွားမှာမို့လို့လဲ"

"လိုက်လုပ်နေမှာစိုးလို့"

"အံမယ် . . . အဆန်းပါလား၊ မင်းစာအုပ်မှာ ဘာတွေပါလို့လဲ"

"သမီးရည်းစားအချင်းချင်းတွေ ပေးလို့ရတဲ့ Certificate အကြောင်းတွေ၊ အနောက်နိုင်ငံက ရည်းစားစကားပြောနည်းတွေ၊ အခြား တိုလီမိုလီအချစ်သတင်းလေးတွေပါဗျ"

"ဝါဆို ပျင်းစရာကြီးပေါ့"

အိပ်မက်အထပ်တစ်ပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားဖွယ်ကောင်းအောင်တော့ လုပ်ထားပါတယ်ဗျာ"

"ထားလိုက်ပါတော့၊ ဒါနဲ့. . . စာအုပ်ကို ဘာကြောင့် သမီးရည်းစားအဘိဓာန်လို့ ပေးထားရတာလဲ"

"ဩော်. . . ဒါက ဒီလိုရှိပါတယ်"

"အေး. . . သေသေချာချာရှင်းပြကွာ"

"အဘိဓာန်ဆိုတာ စကားလုံးလေးတွေရဲ့အဓိပ္ပါယ်ကို ရှင်းပြထားတဲ့ စာအုပ်လေးတစ်အုပ်လို့ပဲ အလွယ်ဆိုပါစို့"

"အင်း"

"ဒီတော့. . . ကျွန်တော်ကလည်း အချစ်အကြောင်းကို ဟိုနည်းနည်း ဒီနည်းနည်းလေးစုထားတဲ့အတွက် ကြီးကြီးကျယ်ကျယ် နာမည်လေးတပ်လိုက်မိတာပါ"

"ဟာကွာ. . . ရှုတ်လိုက်တာ၊ ကဲ. . . ကဲ၊ ဘယ်မှာလဲ မင်းစာအုပ်"

"ဒီမှာပါ"

". . . . . . . ."

". . . . . . . ."

"အံမယ်. . . ချစ်သူရှိသောသူများနှင့် ချစ်သူထားရန် စဉ်းစားနေသော ကောင်လေး၊ ကောင်မလေးများသို့ . . . ဆိုပါလား. . ."





ချစ်သူရှိသောသူများနှင့် ချစ်သူထားရန်စဉ်းစားနေသော ,
ကောင်လေး၊ ကောင်မလေးများသို့ . . .



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

တစ်ခါတုန်းက ကောင်လေးတစ်ယောက်သည် သူ့ချစ်သူကို စာရေးလိုက်၏။ ထိုစာမှာ မိသားစုအကြောင်း၊ ချစ်ကြောင်းကြိုက်ကြောင်း မဟုတ်ဘဲ သူနှင့်သူ့ချစ်သူတို့၏ အနမ်းအကြောင်းအား စာရင်းလေးပြုစုထားပုံကို ရေးထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အချစ်ရေ

မနှစ်က ငါတို့ချိန်းတွေတုန်းက မင်းကိုငါ (၃၆၅) ကြိမ် နမ်းဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် (၃၆) ကြိမ်ပဲ ငါအောင်မြင်စွာ နမ်းနိုင် ခဲ့တယ်။

အောက်ပါစာရင်းလေးက ငါဘာ့ကြောင့် နမ်းဖို့ မအောင်မြင်ခဲ့တာလဲဆိုတာကို စာရင်းပြုစုထားတာပါ။

- ချိန်းတွေ့တုန်းက ထီးမပါလို့ဆိုပြီး မင်းငြင်းဆန်ခဲ့တာ (၁၇) ကြိမ်
- ချိန်းထားတာနောက်ကျလို့ မင်းနမ်းခွင့်မပေးတာ (၁၅) ကြိမ်
- မင်းအိမ်နဲ့ ရန်ဖြစ်လာလို့ဆိုပြီး ငါအခွင့်အရေးတွေ ဆုံးရှုံးခဲ့တာ (၅) ကြိမ်
- ရာသီဥတုပူလို့ဆိုပြီး မင်းကိုယပ်ခပ်ပေးနေရတာနဲ့ မနမ်းဖြစ်လိုက်တာ (၅၂) ကြိမ်
- ကျူရှင်က စာမရသေးလို့ဆိုပြီး စာထုတ်ကျက်နေလို့ မနမ်းဖြစ်တာ (၁၅) ကြိမ်
- ကိုယ်တို့ရှေ့ကအတွဲက အရမ်းကဲလို့ဆိုပြီး မင်းကရှက်ရှက်နဲ့ မလုပ်ရဘူး၊ မလုပ်ရဘူးဆိုပြီး ငြင်းဆန်ခဲ့တာ (၄၉) ကြိမ်
- အကြောတက်လို့ နှိပ်ပေးပါဆိုပြီး မနမ်းဖြစ်ခဲ့တာ (၉) ကြိမ်
- ခေါင်းမူးတယ်၊ နေမကောင်းလို့ဆိုပြီး အံကြိတ်ခဲ့ရတာ (၁၆) ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



- ဝက်ခြံပေါက်နေတယ်၊ မေ့ပါးလေးကို ကြည့်ပါဦး၊ စိတ်ညစ်လိုက်တာဆိုပြီး ခဏခဏပြောနေတော့ ဝက်ခြံလေးပဲ ကြည့်နေရတဲ့အဖြစ် (၂) ကြိမ်
- ပတ်ဝန်းကျင်မှာလူတွေရှိလို့ဆိုပြီး မင်းငြင်းဆန်ခဲ့တာ (၁၀) ကြိမ်
- အမေ့အမျိုးတွေ ဒီနားမှာရှိတယ်၊ သိပ်မကဲနဲ့ဆိုလို့ သက်ပြင်းချခဲ့ရတာ (၆) ကြိမ်
- ခပ်လှမ်းလှမ်းက ထမင်းချိုင့်နဲ့လူကြီးချောင်းကြည့်နေတယ်ဆိုပြီး ခပ်ရှက်ရှက်နဲ့နေခဲ့ရတာ (၂၁) ကြိမ်
- စိတ်မပါလို့ မနမ်းချင်ဘူးဆိုလို့ ဟိုလိုလိုဒီလိုလို နေခဲ့ရတာ (၁၇) ကြိမ်
- ဟာသရုပ်ရှင်ကြည့်ပြီး သိပ်ရယ်ရတာလို့ ခဏခဏ လက်တို့ပြီး ပြောနေလို့ လိုက်ရယ်နေရတာနဲ့တင် မနမ်းဖြစ်လိုက်ရတဲ့အဖြစ် (၇) ကြိမ်
- နှုတ်ခမ်းမွှေးနဲ့ မုတ်ဆိတ်မွှေး အရမ်းရှည်နေလို့ ဆိုပြီး မင်းငြင်းဆန်ခဲ့လို့ နမ်းမလိုလိုနဲ့ မနမ်းဖြစ်လိုက်တာ (၉) ကြိမ်
- မင်းအိမ်ကကြောင်လေး တားတိုက်ခံရလို့ဆိုပြီး တရှုံ့ရှုံ့ငိုနေတာနဲ့ ပြန်ချော့ခဲ့ရတာကြောင့် (၄) ကြိမ်
- ဆံပင်အသစ်ညှပ်လာလို့ဆိုပြီး မှန်ခဏခဏ ထုတ်ကြည့်နေလို့ အလုပ်မဖြစ်လိုက်တာ (၉) ကြိမ်





- ချိန်းတွေ့နေတုန်း ဗိုက်နာလာလို့ အိမ်သာ လိုက်ရှာနေရတာနဲ့ မနမ်းဖြစ်လိုက်တာ (၄) ကြိမ်

အဲဒီတော့ မင်းကိုငါ (၃၆) ကြိမ်ပဲ အောင်အောင်မြင်မြင် နမ်းဖြစ်လိုက်တယ် ချစ်သူ။

ဒါတောင်မှ သိပ်ကျေကျေနပ်နပ်ကြီး မဟုတ်လိုက်ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နမ်းခဲ့တဲ့ (၃၆) ကြိမ်မှာ (၆) ကြိမ်က မင်းမျက်နှာ ကြီးရှုံ့ထားတယ်။ (၈) ကြိမ်ကတော့ မျက်လုံးကြီးဖွင့်ပြီး ဟိုကြည့်ဒီကြည့်နဲ့ လုပ်နေတယ်။ (၁၄) ကြိမ်ကတော့ "ဘယ်လိုမှန်းမသိဘူး၊ ယားကျိကျိနဲ့" လို့ မင်းပြောခဲ့တယ်၊ (၇) ကြိမ်ကတော့ "ခွိခွိ"နဲ့ ရယ်နေတယ်လေ။

သင့်ရဲ့အချစ်



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကောင်မလေးမှာ သူချစ်သူရေးထားသော စာကို ဖတ်ပြီးနောက် ထိုစာရင်းမှာ မမှန်ကြောင်းတွေ့ရှိရ၏။

ထို့ကြောင့် သူက စာရင်းပြန်လည်ပြုလုပ်ကာ သူချစ်သူထံသို့ စာပြန်ပို့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးကိုကိုရေ

ကိုကိုက သိပ်မမှတ်မိတာဖြစ်မှာပါ။ မေကတော့ ကိုကို ဘာ့ကြောင့် မနမ်းဖြစ်လိုက်တာ အကုန်မှတ်မိနေပါတယ်။

အောက်ပါအချက်လေးတွေက ကိုကိုဘာကြောင့် မနမ်း ဖြစ်တာလဲဆိုတဲ့ တကယ့်အကြောင်းပြချက်တွေပါကိုကို . . .။

- နမ်းမလို့ပြင်နေတုန်း ကိုကို့ဟာန်းဖုန်းထမြည်တာက (၇) ကြိမ်
- ပန်းခြံပိတ်ချိန်ရောက်သွားလို့ မနမ်းဖြစ်လိုက်တာ (၂၉) ကြိမ်
- ဘီယာသောက်ထားလို့ မေ့ရင်ဘတ်ပေါ်မှာ မှေးပြီး အိပ်ပျော်သွားတာက (၁၄) ကြိမ်
- မုန့်လာရောင်းတဲ့ ကလေးတို သကြားလုံး လှမ်းဝယ်နေတာနဲ့ မနမ်းဖြစ်တာက (၂၆) ကြိမ်
- အကြော်ဝယ်စားပြီး ဆီပေနေလို့ သုတ်စရာမရှိတာနဲ့ မနမ်းဖြစ်တာ (၁၈) ကြိမ်
- ထိုင်စရာနေရာမရှိလို့ ဟိုရှာဒီရှာ လျှောက်ရှာရင်းနဲ့ မနမ်းလိုက်ရတာ (၉) ကြိမ်
- ကိုကိုကဗျာရွတ်နေတာနဲ့ မနမ်းဖြစ်တာ (၄၉) ကြိမ်
- ကိုက အခြားလူတွေကို မှန်ဘီလူးနဲ့ လိုက်ချောင်းနေလို့ မေတပါ လိုက်ချောင်းနေရတာနဲ့ အချိန်ကုန်သွားတာ (၂၁) ကြိမ်
- သစ်ရွက်ကြွေတာကို ကြည့်ပြီး "အချစ်ရေ ကြည်နူးဖို့ ကောင်းလိုက်တာ" လို့ ခဏခဏပြောပြီး ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်နေယုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန် အချိန်ရောက်သွားတာ (၄) ကြိမ်

- နမ်းမလို့ လုပ်နေတုန်း သစ်ပင်ပေါ်က အတောင်
  တစ်ကောင် ပြုတ်ကျလို့ ကိုတိုလန့်ပြီး
  မေ့သွားတာ (၆) ကြိမ်
- မေ့တို မျက်လှည့်ပြမယ်ဆိုပြီး တစ်ခုပြီးတစ်ခု
  လုပ်ပြနေရတာနဲ့တင် အချိန်ကုန်သွားတာ (၁၄) ကြိမ်
- နမ်းမလိုလိုလုပ်လိုက်၊ မေ့ပါးလေးပွတ်လိုက်၊
  နမ်းမလိုလိုလုပ်လိုက်၊ မေ့ပါးလေးပွတ်လိုက်နဲ့
  မေအိပ်ပျော်သွားတာ (၉) ကြိမ်
- ဘာမှ အရေးမရ အဖတ်မရတွေကို
  ကိုတိုပြောနေလို့ မနမ်းဖြစ်လိုက်တာ (၉၅) ကြိမ်
- ရေသောက်လိုက်၊ ပြီးတော့ အပေါ့သွားလိုက်ဦးမယ်
  လုပ်လိုက်နဲ့ ကျွန်မတို ထားခဲ့ပြီး ထွက်သွားတာ (၂၅) ကြိမ်

ကိုကိုပြောတဲ့ (၁၆) ကြိမ်မှာဆိုတဲ့ ကိစ္စမှာ (၆)ကြိမ်က မျက်နှာကြီး ရှုံ့မဲ့ထားတာ မဟုတ်ပါဘူး။ ကိုကိုက မေ့ခြေထောက်ကို တက်နင်းထားလို့ပါ။

(၈) ကြိမ်က တခြားလူတွေ ချောင်းကြည့်တာကို လှမ်းမြင် လိုက်လို့ပါ။ (၁၄) ကြိမ်က ကိုတို့နှုတ်ခမ်းမွှေးက ယားတာကိုး။ (၇)ကြိမ် ကတော့ ကိုကို့ လက်က မေ့ခါးကို လာလာတို့တာကိုး။ ယားမှာပေါ့လို့။

တိုတို့ အချစ်ဆုံး





ကဲ. . . ကဲ မိတ်ဆွေရေ၊
သင်လည်း သင့်ချစ်သူကို နမ်းတဲ့အကြိမ်အရေအတွက်
စာရင်းပြုစုထားမယ်ဆိုရင်
ဒီလိုမျိုးပြန်ပြောလို့ရတာပေါ့. . .
ဘယ့်နှယ့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ခြင်းအသိအမှတ်ပြုကတ်ပြား
# (သို့)
# Love Certificate



ထိဒ်မတ်ထသင်တပေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ်နေ့ ကျွန်တော့်အိမ်သို့ ရပ်ကွက်ထဲက အသိ အိမ်ထောင်သည် ယောကျ်ားတစ်ယောက် ရောက်လာသည်။

မျက်နှာက စိတ်ပျက်တဲ့ပုံစံဖြစ်နေသောကြောင့် -

"ဘယ်လိုဖြစ်နေတာလဲ ကိုအောင်သူ"

"မိန်းမပေါ့၊ မိန်းမ"

"ဘာဖြစ်လို့လဲ မိန်းမတာ"

"သူ့အပေါ် အချစ်တွေလျော့လာပြီ . . . ရှင်က ကျွန်မ ကို မချစ်တော့ပါဘူး၊ ဒီပြင့်မိန်းကလေးတွေနဲ့ ဟာကွာ တာတွေ ပြောမှန်းမသိဘူး၊ ရှုတ်နေတာပဲ"

"ကိုအောင်သူကရော ဖဲဒီလိုဖြစ်နေလို့လား"

"ဟာကွာ၊ ဘယ်ကလာ ငါ့မိန်းမကို ဝါချစ်တာ အိမ်က ကုတင်သိတယ်"

"တာ. . . တာဆိုင်လို့လဲဗျ၊ မဟုတ်တဟုတ်ကတွေ လျှောက်ပြောနေပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းမသိပါဘူး၊ အရင်တုန်းက ငါတို့က ကြမ်းပြင်မှာ မွေ့ယာနဲ့ အိပ်တာ၊ အဲဒါကို မိန်းမက ကြမ်းပြင်ပေါ်မှာ မအိပ်နိုင်ဘူး၊ ကုတင်ဝယ်ပေးလို့ ပူဆာတာနဲ့ ညတွင်းချင်း ဝယ်ပေးရတာလေ . . . အဲဒါ ငါသူ့ကို ချစ်တာပြောပါတယ်"

"ဪ . . . ဂလိုလား"

"ဟုတ်တယ်၊ ငါချစ်တာ ကုတင်သိတယ်"

ထိုသို့ပြောရင်း ပြောရင်း ရင်တွေဖွင့်ရင်းနှင့် တစ်နာရီလောက်ကြာသွားသည်။ အဲဒါနဲ့ နောက်ဆုံး၊

"ငါဘယ်လိုလုပ်ရမလဲကွာ၊ မင်းစဉ်းစားကြည့်ပါဦး"

ဟူ၍ အဆုံးသတ်သွားလေသည်။

နားလည်ပြီး ခေါင်းတွေလည်း မူးသွားသောကြောင့် ခေါင်းကို လက်ဖြင့် အနည်းငယ်နှိပ်လိုက်သည်။

ပြီးနောက် -

"အေး . . . ဘယ်လိုလုပ်ရမလဲ"

"ကိုအောင်သူ့မိန်းမ၊ မမိမိလေးက ကိုအောင်သူဟာ သူ့ကို မချစ်တော့ဘူးဆိုတဲ့ စွပ်စွဲချက်က အဓိက ဖြစ်နေတယ်"

"ဟုတ်တယ်၊ မင်းပြောတာသိပ်မှန်တယ်"

ဒါမျိုးပြောသံကြားရတော့ ပခုံးနည်းနည်းပင့်လိုက်သည်။

ချောင်းတချက်ဟန့်လိုက်ပြီး -

"နိုင်ငံတကာ နည်းလေးတစ်ခုသုံးကြည့်ပါလား"

"ဟာ . . . နိုင်ငံတကာ နည်းဆိုငါသိပ်ကြိုက်တယ်"

"မင်းသိတဲ့အတိုင်းပဲ ငါက အင်္ဂလိပ်စာသိပ်တော်တာ





ဆိုတော့ကာ . . ."

"ရပြီ . . . ရပြီ၊ ကျွန်တော်ဆက်ပြောတော့မယ်"

"အေးကွာ၊ ပြော . . . ဆက်ပြော"

"ကိုအောင်သူမိန်းမကို အခုအိမ်ပြန်ရောက်တဲ့ အခါမှာ ကျွန်တော်လုပ်ပေးလိုက်တဲ့ ကတ်ပြားလေးပေးလိုက်"

"ဘာကတ်ပြားလဲ"

"အကောင်းဆုံး အိမ်ထောင်ရှင်မိန်းမအဖြစ် အသိအမှတ်ပြုကတ်ပြားလေ"

ကိုအောင်သူတွေဝေသွားသည်၊

လူကိုလည်းမသက်သာသလိုကြည့်သည်၊

"ဟာ. . . ကိုအောင်သူကလည်းတွေဝေမနေစမ်းပါနဲ့၊ အဲ့ဒါက နိုင်ငံတကာနည်းလေ"

"ဟာ . . . အေး၊ ငါမေ့သွားတယ်၊ ငါတ အင်္ဂလိပ်စာတော်. . ."

"အဲဒါလုပ်ပေးလိုက်မယ်ဗျာ"

သူကဘာမှမပြောခင် ထိုင်ရာမှထပြီး တွန်ပျူတာထဲမှ အရာကို စာအချို့ရိုက်ပြီး ကတ်ထူအချောနှင့် Print out ထုတ်လိုက်သည်၊

"ဒါကို ဘောင်လေးခတ်လိုက်၊ ပြီးရင် ကိုအောင်သူမိန်းမ မမိမိလေးကိုပေးလိုက်၊ တော်ကီလေးဘာလေးတော့ နည်းနည်းခံပေါ့ဗျာ. . . မိန်းမတ ကိုယ့်ဘဝရဲ့ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး ကိုအောင်သူမူးလို့ အိမ်ပြန်ရင် ပြောနေကျစကားပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိတယ်မှတ်လား"

"အေး . . . မှတ်မိပါတယ်ကွ၊ ကတ်လေးက လှသားပဲ ငါ့ရဲ့ အရမ်းကောင်းတဲ့ အင်္ဂလိပ်အသံထွက်နဲ့ ဖတ် . . ."

"ဖတ်မနေပါနဲ့ဗျာ၊ ကဲ. . တဲအိမ်ပြန်တော့၊အိမ်ရောက်ရင် အဆင်ပြေသွားမှာပါ"


ဟုဆိုပြီး အိမ်မြန်မြန်ပြန်ခိုင်းရသည်။

နှိမ့်ဆိုရင် သစ်အစ်တွေ ဘာတွေကို ဖတ်နေဦးမှာ . . .၊

တိုအောင်သူကတော့ကတ်ကြီးကိုင်ပြီးပြန်သွား လေရဲ့. . .၊

■






www.burmeseclassic.com

www.burmeseclassic.com



(၂)

နောက်တစ်နေ့တော့ သူတို့အိမ်ကို သွားလည်ကြည့်သည်။

အံမယ်. . . အဆင်တွေဘာတွေပြေလို့. . .။ အခေါ်အပြောတွေ တောင်ပြောင်းနေတယ်။

ကိုအောင်သူတာ သူ့မိန်းမကို 'မိမိ' လို့ခေါ်ပြီး သူ့မိန်းမက သူ့ကို 'ကိုအောင်' လို့ လှမ်းလှမ်းခေါ်တတ်တယ်။ ('ကိုအောင်' ကို ပြောင်းပြန်လှန်ရင်'ကောင်အို'(သို့)'အကောင်အို') ကြီးလို့ အဓိပ္ပာယ်ထွက်တာ ကိုအောင်သူ မေ့နေပုံရသည်။

ကျွန်တော်ပေးလိုက်တဲ့ ကတ်ကြီးတလည်း နံရံမှာ အထင်းသားကြီး ချိတ်ဆွဲထားတယ်။

ကိုအောင်သူကလည်း ကျွန်တော့်ဆီက ယူလာတယ်လို့ ပြန် ပြောပုံမရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မိန်းမ "မမိမိလေး" က ကျွန်တော့်ကို ဒီလိုချည်းပဲပြောနေတာကိုး . . .။

"အဟင်း. . . ကိုအောင်လေသိလား၊ အဟုတ်. . . ဘာစိတ်တူးပေါက်လဲမသိဘူး၊ မိန်းမ မိမိဖို့ ကိုယ့်ရဲ့. . . အဟင်း. . .

www.burmeseclassic.com

www.burmeseclassic.com



ပြောရမှာ ရှက်လိုက်တာ အဲ့ဒါ ယူလာတာလေ"

ဆိုပြီး နံရံပေါ်ကနေ ဖြုတ်ဖြုတ်ပြတာ ကျွန်တော်မှတ်မိ သည့်အကြိမ်ဆိုလျှင် (၁၂) ကြိမ်လောက်ရှိနေပြီဖြစ်သည်။

ကိုအောင်သူကတော့လေလေးချွန်လို့ပေါ့. . . ။ ဟိုဘက် လှည့်နေတယ်။

"ကောင်းတာပေါ့ အမရယ် ကိုအောင်သူက အမကို ချစ် ပါတယ်၊ ချစ်လို့ပဲ . . . "

စသည်ဖြင့် ဘာညာတွေရှိုးရသေးသည်။

အဲဒီ့လိုနဲ့ သူတို့တွေ အဆင်ပြေသွားကြသည်။

သို့သော် အဲ့ဒီ့တိစ္ဆက အဲ့ဒီမှာတင် မပြီးသေးပါ။ နောက် သုံးရက်လောက်ကြာတော့ ကျွန်တော့်အိမ်ကို ကောင်လေး တစ်ယောက် ရောက်လာသည်။

လူငယ်ပါပဲ . . . ။

တွေ့တွေ့ချင်း မိတ်ဆက်သည်။

"အကို ကျွန်တော် ကိုအောင်သူတို့ လမ်းထဲကပါ နာမည်က ဝင်းသူပါ"

"ဩော်. . . အေး၊ ဘာကူညီပေးရမလဲ"

"ဒီလိုလေ၊ ကိုအောင်သူပြောလို့ ဟို . . . အကိုလုပ်ပေး လိုက်တဲ့ တက်လေးလေ"

"သိပြီ . . . သူ့မိန်းမအတွက် လုပ်ပေးလိုက်တဲ့တက်"

"ဟုတ်တယ်၊ အဲ့ဒါ၊ အဲ့ဒါ"

ဝင်းသူဆိုတဲ့ကောင်လေးက အူတူတူနဲ့ သူ့စကားသု





လိမ့်ပတ်လည်ပုံမရဘူး ဖြစ်နေသည်။

"အဲဒါဘာလုပ်ပေးရမှာလဲ"

"ဒီလိုပါ၊ ကျွန်တော့်မှာ "ရွှေရွှေ" ဆိုတဲ့ကောင်မလေး တစ်ယောက် ရှိပါတယ်၊ သူကလည်း ခဏခဏစိတ်ကောက်တယ်၊ မယုံမကြည်စွပ်စွဲမှုတွေနဲ့ ပြောတယ်ဗျ"

"အဲ့ဒီတော့"

"အဲ့ဒီတော့ သမီးရည်းစားတွေအတွက် ကိုအောင်သူကို ပေးလိုက်တဲ့ တက်လိုမျိုးမရှိဘူးလားလို့ လာမေးတာပါ"

"နေဦး၊ ရှာကြည့်လိုက်ဦးမယ်"

ကံကောင်းစွာပင် မဖျက်ရသေးသော ဖိုင်များထဲတွင် ထိုကတ် တွေက ကျန်နေသေးသည်။

ဒါနဲ့ ထိုဝင်းသူဆိုတဲ့ တောင်လေးကို တက်တစ်ခု ထုတ်ပေးလိုက်သည်။

အကောင်းဆုံးချစ်သူ (မိန်းကလေး) အသိအမှတ်ပြု ကတ်ပြားပါ. . . ။ ဒါနဲ့ မထူးဘူးဆိုပြီးသူ့ကို -

အကောင်းဆုံးချစ်သူ (ယောကျ်ားလေး) အသိအမှတ်ပြု ကတ်ပြားပါ. . . လက်ဆောင်ထုတ်ပေးလိုက်သည်။

ကတ်ပြားနှစ်ခုကို တစ်တစ်ခွခွကိုင်ပြီး ကားယားကားယား လျှောက်သွားသော ဝင်းသူကိုကြည့်ပြီး သက်ပြင်းချတာ ကျန်ရစ် ခဲ့သည်။


■



www.burmeseclassic.com

www.burmeseclassic.com






တိမ်မတ်အသစ်တစေပေ

www.burmeseclassic.com

www.burmeseclassic.com



# Certificate of Appreciation

This certificate is awarded to

My Lover WIN THU

In recognition of being

**THE MOST ROMANTIC BOYFRIEND**

Signature

Date 17.2.2009

www.burmeseclassic.com

www.burmeseclassic.com



ထိုတင်ပြားနှင့်ပတ်သက်၍

အသေးစိတ်သိလိုသည်များကို စုံစမ်းလိုပါက

ကိုအောင်သူ

ဖုန်း-၀၉၄၉၂၂၀၉၅၉ထံတွင်ဆက်သွယ်စုံစမ်းနိုင်သည်ဟု

ရေးထည့်ပေးပါရန် ပြောထားသောကြောင့်

ကိုအောင်သူထံတွင် ဆက်လက်စုံစမ်းနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# တိုတိုတုတ်တုတ်များ



ထိပ်မတ်အသစ်စာစဉ

www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူ၏ အပြစ်တင်မှုအား အကြောင်းပြချက်ပေးခြင်း

နောက်တျနေလို့ ချစ်သူက စိတ်ဆိုးနေတဲ့အခါ -

"ရှင်ဘာဖြစ်လို့ နောက်ကျရတာလဲ၊ ဘယ်အချိန်ရှိပြီလဲ"

ဟု သူမက မေးလိမ့်မည်။ ဘာမှမလုပ်ပါနဲ့ဦး။

ပထမဦးစွာ သူဘေးနားမှာ တပ်ရပ်(သို့) ရှေ့တည့်တည့်မှာ အရင်ထိုင်ပါ။

ပြီး . . . နည်းနည်းလေးရယ်ပြပါ။

"ဘာရယ်တာလဲ ရှင်နော်"

ဟုဆိုပြီး ကောင်မလေးက မျက်စောင်းထိုးပြီး တစ်ဖက်လှည့်ချင်လှည့်နေနိုင်ပါတယ်။

အဲ့ဒီအချိန်မှာ သင်က -

တရွက်ကလေးတစ်ရွက်ထုတ်ပြီး အောက်ပါစာတန်းလေးရေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားဆိုတာ အချိန်မသိ၊ နာရီမသိ စွဲလန်းပြီး ထမင်းမေ့ ဟင်းမေ့ ဖြစ်တတ်တဲ့ အကြောင်းကို အချစ်သိလား

ဟု ရေးပြီးပြလိုက်ပါ။ စိတ်မဝင်စား သလိုလို ဘာလိုလိုနဲ့ ကြည့်ပါလိမ့်မယ်။

သင့်စာကိုကြည့်ပြီး သင့်ကို တစ်မျိုးထင်သွား ပါလိမ့်မယ်၊

"ဟင် . . . ရှင်၊ လောင်းကစားလုပ်နေလို့ ကျွန်မနဲ့ ချိန်းထားတာ နောက်ကျနေတာပေါ့လေ"

နောက် စာလေးတစ်စောင်ကို သူ့ရှေ့ ထိုးပေးလိုက်ပါ။

အိမ်ကထွက်ကတည်းက အချစ်အကြောင်းကို တွေးနေရင်းနဲ့ ထမင်းမေ့ ဟင်းမေ့ဖြစ်ပြီး ဘယ်အချိန်တွေ ရှိမှန်း မသိအောင် အရူးအမူး ဖြစ်ရတာပါ။

ကိုယ်ဘယ်ရောက်နေမှန်းမသိပါဘူး။ ခေါင်းထဲမှာ အချစ်နဲ့တွေ့ရင် ပြောဖို့ဆိုပြီး ဖဲစီသလို စကားလုံးလေးတွေ စီရင်းနဲ့ နာရီ ဘယ်အချိန်ရှိမှန်းမသိ ဖြစ်သွားရတာပါ။

■





ပေးထားသော နမူနာကို အတုယူ၍
အပြစ်တင်တဲ့ အကြောင်းအရာကိုလိုက်ပြီး
လိုသလိုပြောင်းသုံးနိုင်ပါသည်၊
သင်ပြောမည့်အကြောင်းအရာအား
သင့်ချစ်သူကြိုသိနေမည်ဆိုပါက
ကြည့်ကျက်လှုပ်ရှားလိုက်ပေါ့
ပေါက်တယ်နော် . . .



www.burmeseclassic.com

www.burmeseclassic.com



# သဒ္ဒါမဟုတ်ပါ




ထိပ်မတ်အသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| Drink | + | Drank | + | Drunk |
| သောက်သည် | + | သောက်ခဲ့သည် | + | သောက်ခဲ့ပြီးပြီ |

(သဒ္ဒါသင်ခန်းစာ မဟုတ်ပါ။
ဖြစ်စဉ်တစ်ခုကို ပြောခြင်းဖြစ်ပါသည်။)

| | | | | |
|---|---|---|---|---|
| Love | + | Loved | + | Loved |
| ချစ်သည် | + | ချစ်ခဲ့သည် | + | ချစ်ခဲ့ပြီးပြီ |



www.burmeseclassic.com

www.burmeseclassic.com



သေချာစဉ်းစားကြည့်ဗျား
သင်လည်း အဲဒီလိုဖြစ်ခဲ့ဖူးသလားလို့. . .





# မိန်းမအတွေး





www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက စိန်ဆိုင်တစ်ဆိုင်သည် ၎င်း၏ဆိုင်အား
တစ်ဖက်ပါအတိုင်း ကြော်ငြာထားသည်ကို တွေ့ရ၏၊



www.burmeseclassic.com

www.burmeseclassic.com

သူမကတော့ ခင်းကိုပြောမှာပဲ-

"မောင်၊ မေ့အတွက် လက်ထပ်လက်စွပ်ကိုဘယ်လို လက်စွပ်ပဲဖြစ်ဖြစ် အဆင်ပြေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေ့ဘဝမှာ မောင်ရှိနေပြီပဲ" လို့ပြောပါလိမ့်မယ်။

တကယ်တော့ အဲ့ဒီလိုပြောနေစဉ် သူမစိတ်ထဲမှာ -

"စိန်လက်စွပ် မဟုတ်ဘူးလား၊ ရတယ်လေ. . . ဈေးပေါတဲ့ဟာ ဝယ်ပေးမယ်ဆိုရင် ရှင်နဲ့ကျွန်မညားတဲ့အခါ ရှင့်ကို ခိတ်ဆင်းရဲအောင် လုပ်မယ်။ ရှင့်ကော်ခြွက်ထဲ အဆိပ်ခပ်ပစ်မယ်"

လို့ တွေးနေပါလိမ့်မယ်။

ကဲ . . . ကဲ၊ မိတ်ဆွေရေ၊ စိန်လက်စွပ်တစ်ကွင်း မြန်မြန် ဝယ်ပေးလိုက်ပါ။

Blue Diamond
Building.9, No.2, City Road, North Country.
Ph : 255 552 225, 343 979 686
E-mail : bluediamond@gmail.com

www.burmeseclassic.com

www.burmeseclassic.com




မိတ်ဆွေလည်း. . .
စိန်လက်စွပ်ဝယ်နိုင်မှသာ
လက်ထပ်ရင်လက်ထပ်၊
ဒါမှမဟုတ်
သူဖျော်တိုက်တဲ့ကော်ဖီကို
မသောက်နဲ့ပေါ့. . .





## အပျိုကြီးဖြစ်ရသည့် အကြောင်းအရင်း





www.burmeseclassic.com


www.burmeseclassic.com


တစ်ခါတုန်းက အမျိုးသမီးတစ်ယောက်သည်
သူမအတွက် ပြီးပြည့်စုံတဲ့ယောကျ်ားတစ်ယောက်ကိုတွေ့မှ
ယူမယ်ဟု ဆုံးဖြတ်ကာ ထိုယောကျ်ားကို
စောင့်မျှော်နေလေရဲ့ . . . . . ။
တစ်နေ့ . . . . . . . . . . . . . .
နောက်တစ်နေ့ . . . . . . . . . .
နောက်ရက် . . . . . . . . . . .
နောက်တစ်ရက် . . . . . . . . .
. . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .
အဲ့ဒီလိုနဲ့
တစ်ဖက်ပါအတိုင်း ဖြစ်သွားပါရော . . . . . ။


www.burmeseclassic.com

www.burmeseclassic.com









ဒီတော့. . .

သင့်ချစ်သူကို ပြောပြ

“တွေ့လား၊ ငါရှိနေတဲ့အတွက် နင်ဒီလိုမဖြစ်တော့ဘူး”

ဆိုပြီး ပြောလို့ရတာပေါ့. . .



www.burmeseclassic.com

www.burmeseclassic.com



# ယောက်ျားတွေ
# ကိုယ်ဝန်ဆောင်ရမယ်ဆိုရင်

အိပ်မက်အသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁) ရုံးတွေမှာ မီးဖွားခွင့်ဟာ နှစ်နှစ်ဖြစ်သွားပြီး လစာအပြည့် ပေးထားရပါလိမ့်မယ်။

(၂) ဗိုက်ကြောပြတ်တာကို ကုသတဲ့နည်းတွေ ခေတ်စားလာပါလိမ့်မယ်။

(၃) သဘာဝအတိုင်း မွေးဖွားခြင်းနည်းလမ်းတွေ ပျောက်ကွယ်သွားလိမ့်မယ်။

(၄) မနက်တိုင်း မနက်တိုင်း ခေါင်းမူးခေါင်းကိုက်ခြင်းဟာ တိုင်းပြည်ရဲ့ နံပါတ်တစ် ကျန်းမာရေးပြဿနာ ဖြစ်လာလိမ့်မယ်။

(၅) သန္ဓေတားတဲ့ နည်းလမ်းမှန်သမျှ အတုန်လုံး ၁၀၀% လိုက်နာဆောင်ရွက်မှုတွေ များလာပါ လိမ့် မယ်။

(၆) မွေးလာတဲ့ကလေးတွေကလည်း သူတို့ဘာသာ သူတို့အိမ်သာတက်နိုင်မှသာ ဆေးရုံက ဆင်းခွင့်ရပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



(၇) လက်ထပ်ဖို့ ကတိစကား စတောင်းခြင်းဟာ ယောကျ်ားတွေအလုပ် ဖြစ်လာပါလိမ့်မယ်၊

(၈) အမျှာလေးတွေက ချစ်စရာလေးတွေလို့ ယောကျ်ားတွေ ထင်ကြတော့မှာ မဟုတ်ပါဘူး၊

(၉) ရည်းစားနဲ့ လျှောက်လည်ပြီးလို့ အိမ်ကို စောစောပြန်ရောက်တတ်တာ သားယောကျ်ားလေးတွေ ဖြစ်လာပါလိမ့်မယ်၊

(၁၀) ရုံးသွားရင်သယ်တဲ့ အတာချီတေ့စ် (လက်ဆွဲအိတ်) ဟာ အနှီးထည့်ဖို့ ကလေးအတွက် အသုံးအဆောင်ပစ္စည်းတွေ ထည့်တဲ့အိတ် ဖြစ်လာပါလိမ့်မယ်၊

(၁၁) ဖခင် ကိုယ်ဝန်ဆောင်အင်္ကျီတွေဟာ ဖက်ရှင်လောကမှာ ခေတ်စားလာပါလိမ့်မယ်၊

(၁၂) ကိုယ်ဝန်ဆောင်နေစဉ်တလျှောက်လုံး ယောကျ်ားအားလုံးဟာ အိပ်ရာထဲမှာပဲ လဲလျောင်းနေပါလိမ့်မယ်၊

(၁၃) ရေခဲမုန့်နဲ့ ဟင်းသီးဟင်းရွက်တွေဟာလည်း စားသောက်ဆိုင်တွေမှာ အဓိကဟင်းလျာအဖြစ် ပြောင်းလဲသွားပါလိမ့်မယ်၊





# ကလေးတွေ ဖြေထားတဲ့ အချစ်နှင့် အိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com



(၁) လက်ထပ်ဖို့ အကောင်းဆုံးအရွယ်က ဘယ်အရွယ်လဲ?

၈၄ နှစ်ပါ၊ ဘာကြောင့်လဲဆိုတော့ အဲဒီအရွယ်မှာ အလုပ် မလုပ်ရတော့ဘူးလေ၊ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်နေပြီး ဘဝဖြတ်သန်းလို့ရတာပေါ့၊

(၂) သမီးရည်းစားဖြစ်ပြီးလို့ ပထမဆုံး ချိန်းတွေ့တဲ့ အချိန်မှာ သူတို့ ဘာလုပ်ကြသလဲ?

သမီးရည်းစားဖြစ်ပြီး ပထမဆုံးချိန်းတွေ့ကြတဲ့နေ့မှာ သူတို့တွေ တစ်ဦးကိုတစ်ဦး လိမ်ညာပြောကြပါတယ်၊ အဲဒီလို လိမ်ညာမှုတွေထဲကနေ ကြော်. . . သူကတော့မဆိုးပါဘူး၊ ကောင်းပါတယ်. . . စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး တွေးမိသွားကြပြီး ညအိပ်ရာဝင်တဲ့အခါမှာ ကြည်နူးနေပါလိမ့်မယ်၊ ပြီးတော့ နောက်ထပ်လိမ်ညာမှုတွေပြောဖို့အတွက် ထပ်ချိန်းတွေ့ကြပါဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com

(၃) လူပျိုဘဝနဲ့ပဲ နေရတာကောင်းလား?
အိမ်ထောင်သည်ဘဝနဲ့ပဲနေရတာကောင်းလား?
အဲဒီအကြောင်းတွေးမိရင် ခေါင်းကိုက်ကိုက်လာတယ်၊ သားက ကလေးပဲရှိသေးတယ်လေ၊ ဒီတော့ အဲဒီလိုမျိုး အခက်ဖ ခဲတွေမရှိသေးပါဘူး၊

(၄) ရည်းစားဖြစ်ရင် တစ်ဦးရဲ့လက်ကို တစ်ဦးကိုင်ပြီး ဘာ ကြောင့် လမ်းလျှောက်ကြတာလဲ?
ဒါကတော့ သိသာပါတယ်၊ သူတို့ရဲ့ အဖိုးတန်လက်စွပ်တွေ မပြုတ်ကျအောင်လို့ ကိုင်ထားကြတာပါ၊

(၅) အကောင်းဆုံးချစ်သူတစ်ဦးဖြစ်ဖို့အတွက် ဘာတွေလိုအပ် ပါသလဲ?
အဓိကကတော့ အိတ်ထဲက ပိုက်ဆံထုတ်ဖို့အတွက် လက်ရှိရပါမယ်၊ ဘာကြောင့်ဆိုတော့ သင့်မှာ အချစ်တွေ ထောင်ချီရှိနေပါစေ၊ အိတ်ကပ်ထဲက ပိုက်ဆံထောင်တန်ကို ထုတ်မယ့်လက် မရှိရင်တော့ သင်ဟာ ချစ်သူကောင်း မဖြစ်နိုင်ပါဘူး၊





(၆) ဆိုင်တစ်ဆိုင်မှာ သူတို့နှစ်ဦးဟာ အခုမှ စကြိုက်ခါစ ရည်းစားတွေလို့ သင်ဘယ်လိုလုပ် သိနိုင်မလဲ?
တစ်ယောက်ကိုတစ်ယောက် မဝံ့မရဲကြည့်နေကြလိမ့်မယ်၊ မှာထားတဲ့ အစားအသောက်တွေကလည်း အေးစက်နေပြီး အခြားဝိုင်းက လူတွေကလည်း သူတို့ကိုပဲ ကွက်ကြည့် ကွက်ကြည့်နဲ့ ကြည့်နေရင်တော့ ဒါသေချာပြီ၊ သူတို့က အခုမှ စကြိုက်တဲ့ စုံတွဲတွေ၊

(၇) မိန်းကလေးတစ်ယောက် ပြန်ချစ်လာဖို့အတွက် အသေချာဆုံး နည်းလမ်းက ဘာလဲ?
သားမှာ သကြားလုံးရောင်းတဲ့ စတိုးဆိုင်တွေ အများကြီးပိုင်တယ်လို့ ပြောလိုက်မယ်လေ၊ သူ သေချာပေါက် ပြန်ချစ်လာမှာပါ၊

■



www.burmeseclassic.com


www.burmeseclassic.com

သင်ရော. . .
အဲ့ဒီကလေး ဖြေထားတဲ့အဖြေကို
လက်ခံရဲ့လား. . .
လက်မခံဘူးဆိုပါက
သင်ဘယ်လို ဖြေချင်ပါသလဲ. . .





## I Love You Notes!





www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ်ခါက ပေါက်ပေါက်ရှာရှာ လုပ်တတ်သော သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို မေးသည်။

"ဒီမှာ"

"ပြောလေ . . . ဘာလဲ"

"ငါ့ချစ်သူကို ငါ စပရိုက် လုပ်ချင်တယ်"

မျက်လုံးပြူးသွားရသည်။

နားထဲထော်လော် တန့်လန့်ဝင်လာသောကြောင့် ဘေးနားက လူများပါ လှည့်ကြည့်ကြသည်။

သူလည်းရိုပ်မိသွားပြီး သူ့စကား သူပြန်ပြင်သည်။

"ဟာ . . . မဟုတ်ဘူး၊ ငါပြောတာက Suprise ဖဲ့ဖြစ်သွားအောင် လုပ်ချင်တာကို ပြောတာ"

လက်ဖက်ရည်တငုံသောက်လိုက်သည်။

သူငယ်ချင်းက ကင်တင်းထဲက သူများကို တစ်ချက်ကြည့်လိုက်ပြီး ကျွန်တော့်ကို တိုးတိုးလေးပြောပြန်သည်။

"ငါ့ချစ်သူကို ငါ I Love you ဆိုတဲ့စာတိုလေး၊ ပြောရင် Note လေးတွေ ပေးချင်တယ်ကွာ ဘယ်လိုပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တလည်း တိုးတိုးလေးပြန်ကပ်ပြောရသည်။

"ဒီအတိုင်းပေးပေါ့ကွ"

"ဟာ. . . ဒါကတော့ မင်းပြောမှလား၊ ငါလည်းသိတာပေါ့၊

အခုဟာက သူမထင်မှတ်ထားတဲ့ ပုံစံလေးနဲ့ပေးချင်တာ"

ဒါမျိုးက အလကားဘယ်ရမလဲ. . . ။

သူကလည်း သိပုံရသည်။

"လုပ်ပါကွာ၊ ငါမုန့်ဝယ်ကျွေးပါ့မယ်၊ ဟိုတစ်နေ့ကတောင် မင်းပြောနေသေးတယ်လေ၊ ဘာစာအုပ်ထဲကဆိုလားပဲ"

သူပြောမှပဲ တစ်နေ့က ဖတ်ထားသော ဆောင်းပါးလေးကို သွားသတိရသည်။

ထို့ကြောင့် -

"မင်းက အဲ့ဒီ I Love you Note လေးတွေကို မင်းချစ်သူ အတွက်ထားမယ်ဆိုရင် သူမ မမျှော်လင့်ထားတဲ့ နေရာတွေမှာ ကြိုထားရမှာကွ"

"အေးလေ၊ အဲဒါကြောင့်မို့ မင်းကိုမေးနေတာပေါ့"

ဟောက်လားဟန့်လား လုပ်နေသေးသည်။

"ဘာလဲ မပြောချင်ဘူးလား၊ ရတယ်ဟေ့ကောင်"

ဟု လုပ်နေသေး၍ မနည်းတားပြီး ပြောပြရသည်။

"ဆောင်းပါးထဲမှာရေးထားတဲ့အတိုင်းပြန်ရေးပြမယ်ကွာ"

ဟုဆိုပြီး စာရွက်တစ်ရွက်ထုတ်ကာ အချက်အလက်အချို့ ရေးပေးလိုက်ရသည်။





## Love Notes ထားသင့်သည့် ပျော်စရာနေရာလေးများ

ဘယ်လိုပဲဖြစ်ဖြစ်. . . သင့်ချစ်သူဟာ သင်ရေးထားတဲ့ "မင်းကို ချစ်တယ်" I Love you ဆိုတဲ့ စာသားလေးကို မမျှော်မှန်းထားသောနေရာမှာ မမျှော်လင့်ပဲတွေ့ရမယ်ဆိုပါစို့၊

ဘယ်လိုခံစားရမလဲ၊ စဉ်းစားကြည့်ပါ။ တော်တော်လေးကို ကြည်နူးဖို့ကောင်းတဲ့ လုပ်ရပ်လေးတစ်ခုပါ။

Note ထားသင့်တဲ့ နေရာလေးအချို့ကို တစ်ဖက်မှာ ဖော်ပြထားပါတယ်။

လုပ်ကြည့်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com




(၁) သင့်ချစ်သူသုံးနေကျ Tissue ထုပ်လေးရဲ့ အထဲမှာ (Tissue ယူရင်းနဲ့ Love Note လေးတို့ ရုတ်တရက် တွေ့သွားနိုင်ပါတယ်)



(၂) ဖတ်လက်စစာအုပ်မှာညှပ်ထားခြင်း။ (ဒါကတော့ သူ/သူမ ကဖတ်ရင်းနဲ့ တွေ့မှာပေါ့)

(၃) ဖိနပ်လေးထဲမှာ (တင်တင်းထိုင်နေတုန်း (သို့) တစ်နေရာမှာ ထိုင်နေတုန်း ဖိနပ်ချွတ်ထားရင်း ထည့်လို့ရပါတယ်၊ ဖိနပ်ပြန်ဝတ်ရင် တွေ့သွားနိုင်တာပေါ့)








(၄) သောက်ရေဖန်ခွက် အပြင်ဘက် အောက်ခြေမှာ တပ်ထားခြင်း။ (သူ/သူမအတွက် ရေယူပေးရင်း ကပ်လိုက်လို့ရပါတယ်)

(၅) ပိုက်ဆံအိတ်ထဲမှာ မသိအောင် ထည့်ထားခြင်း။

(၆) သင်အမြဲတမ်းတိုင်နေကျ သော့ချိတ်လေးမှာ Love Note လေးတွဲထားခြင်း။

(၇) သူ/သူမ ထိုင်နေကျ ထိုင်ခုံလေးမှာ ထားထားခြင်း။



အထက်ပါ နေရာလေးတွေက သမီးရည်းစားရော၊ အိမ်ထောင်သည်တွေအတွက်ပါ လိုသလို သုံးလို့ရပါတယ်။

တစ်ဖက်က အချက်တွေကတော့ အိမ်ထောင်သည်တွေအတွက်ပါ လိုသလို သုံးလို့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




(၈) အဝတ်ဗီဒိုရဲ့တံခါးနောက်မှာ Love Note လေးကပ်ထား ခြင်း။

(၉) မအိပ်ခင် ခေါင်းအုံးအပေါ်မှာ Love Note လေးကပ်ထားခြင်း။


(၁၀) တံခါးလက်ကိုင်ဘုလေးမှာ Love Note ချိတ်ဆွဲထားလို့ရသည်။

(၁၁) တီဗွီ ရီမုတ်ကွန်ထရိုး (remote control) ရဲ့ကျောဘက်မှာ တိပ်နှင့် ကပ်ထားခြင်း။









(၁၂) မိုက်ကရိုဝေ့ထဲမှာ ထည့်ထားခြင်း (ရှိလျှင်)

(၁၃) အိမ်ရဲ့ပြတင်းပေါက်တွင် "သိပ်ချစ်ရသော ချစ်ဇနီး သို့ ချစ်ယောက်ျား" စသည်ဖြင့် စာလုံးကြီးဖြင့် မြင်သာအောင် ကပ်ထားနိုင်သည်။

(၁၄) အိမ်ရဲ့ စာတိုက်ပုံးလေးအတွင်းမှာ

(၁၅) အိပ်ယာရဲ့ အထက်မျက်နှာကျက်မှာ

(၁၆) CD ထားတဲ့အတန်းမှာ

(၁၇) မိန်းမ(သို့)ယောက်ျားသောက်နေကျ ကော်ဖီခွက်မှာ တပ်ထားနိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com



သင်အခုစလုပ်ကြည့်နိုင်ပါသည်။

ဖော်ပြထားတဲ့ အချက်လေးတွေက အနောက်နိုင်ငံမှာ သူတို့ ချစ်သူလေးတွေအတွက် စီစဉ်ထားတဲ့ ကြည်နူးစရာ ကိစ္စလေး တစ်ခုပါ။

သို့သော် . . .

■





(၂)

နောက်တစ်ရက် နှစ်ရက်ကြာတော့ ထိုသူငယ်ချင်းပဲ အိမ်သို့ မျက်နှာသုန်သုန်မှုန်မှုန်နဲ့ ပြန်ရောက်လာသည်။

"မင်းပေးတဲ့နည်းတ မဟုတ်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

သူက ခုံတစ်ခုံမှာ ခြေပစ်လက်ပစ်ဝင်ထိုင်လိုက်သည်။ သတ်ပြင်းတွေ အလီလီချရင်း -

"ပထမဆုံး မင်းပြောတဲ့အတိုင်းပဲ သူ့ရဲ့ Tissue ထုပ်လေးထဲ ထည့်ထားတာပေါ့"

"အင်းလေ . . . မှန်သားပဲ"

"ဘာဆက်ဖြစ်တယ်ထင်လဲ"

"ဘာဆက်ဖြစ်လဲ"

သူက သက်ပြင်းတစ်ချက် ဆက်ချရင်း

"သူ့သူငယ်ချင်းတစ်ယောက်က Tissue ပါလားလို့ မေးတယ်၊ သူကလည်း ပါတယ်ဆိုပြီး Tissue ထုတ်ကို ကမ်းပေး လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့"

"အဲဒီတော့ သူ့ သူငယ်ချင်းက Tissue ထုတ်ကိုယူပြီး Tissue ယူတော့ ငါရေးထားတဲ့စာကို သွားတွေ့တယ်ကွာ"

သူ့ပုံကိုကြည့်ရင်း ရယ်ချင်လာသည်။

သူကလည်း ခေါင်းကြီးငုံ့ပြီး ဆက်ပြောသည်။

"အဲဒီတော့ သူတို့က Tissue ထဲမှာ ကံစမ်းမဲ ပါသလိုမျိုးလေကွာ သိတယ်မှတ်လား၊ Thank you ဆိုတာမျိုးလေ"

"အေး . . . သိတယ်"

" အခု Tissue က Thank you မထည့်ပဲနဲ့ I Love you ဆိုပြီး ပြောင်းထည့်တာဆိုပြီးထင်သွားတာတွ"

"ဟ. . . မင်းက ဘာနဲ့ရေးထားလို့လဲ"

"ကွန်ပျူတာ စာစီပြီးရေးထားတာ"

"အာ. . . သေပေါ့၊ အဲဒါဆိုမင်းလက်ရေးနဲ့ ရေးရတယ်တွ"

သူလည်း စိတ်ညစ်သွားပုံရသည်။

"ငါလည်း ဒီတစ်နည်းတော့မဖြစ်သေးဘူး၊ နောက်တစ်နည်းဖြစ်တဲ့ သူ့ရဲ့ ဖိနပ်လေးမှာ ထည့်ထားမယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်"

"ဟာ. . . အဲဒီ့နည်းလေးကောင်းတယ်"

"မထူးပါဘူးကွာ"

"ဘာဖြစ်ရပြန်တာလဲ"

"ငါဖိနပ်ထဲ ထည့်ထားတာ မသိတဲ့အပြင်၊ သိပြန်တော့





လည်း. . . ဟ. . . ဘယ်ကအမှိုက်လည်းဆိုပြီး လုံးချေလွှင့်ပစ်လိုက်တာ ကြည့်ကိုမကြည့်ဘူး"

" ဟား . . . ဟား"

သူ့အဖြစ်အပျက်ကို ကြည့်ပြီး ကျွန်တော် ရယ်မိသည်။

ဟုတ်တယ်လေ၊ သူက ဘယ်လိုအခြေအနေမျိုးမှာ သွားထည့်လဲမှ မသိတာ၊

နှစ်ယောက်တည်းရှိနေတဲ့ အချိန် . . . ကြည်ကြည်နူးနူး ရှိနေတဲ့ အချိန်တွေမှာမှ မဟုတ်တာ. . .။

ရှုတ်ရှက်ခတ်နေတဲ့ အချိန်မျိုး . . .

"ပိုက်ဆံရှင်းမယ်ဟေ့"လို့ အော်ဟစ်နေတဲ့ အချိန်မျိုးမှာ ဘယ်သူက "စာရွက်အပိုင်းလေး"တစ်ခုကိုသတိထားမိမှာလဲ . . .။

နောက်ပြီး သူငယ်ချင်းအချင်းချင်း ဟေးလား . . . ဟားလားလုပ်နေတဲ့ အချိန်မှာရော ဘယ်သူက စိတ်ဝင်စားမှာလဲ . . .။

အိမ်ထောင်သည်တွေကတော့ရှင်းသည်။

မနက်အိပ်ယာထလို့ မှန်လေးကြည့်လိုက်ရင်သော်လည်းကောင်း၊ ရေချိုးလို့ ဆပ်ပြာခွက်နားမှာသော်လည်းကောင်း စသည်တို့ အဆင်ပြေနိုင်တယ်လို့ ထိုဆောင်းပါးရှင်က ဆိုထားပါသေးသည်။

ဒါနဲ့ ကျွန်တော်လည်း သူ့ကို အားပေးရင်း အခြေအနေတစ်ခုမှာ ပြန်လည်စမ်းသပ်ရန် အကြံဉာဏ်ပေးလိုက်သည်။

အဲ့ဒီကတည်းက သူနဲ့နောက်ထပ်မတွေ့ရသေးပါ။

■



www.burmeseclassic.com

www.burmeseclassic.com



# ဝေးနေပေမယ့် ချစ်သူပေးတဲ့စာ
# နှင့်
# အခြားရည်းစားစာများ



ထိပ်စေတ်အသ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ကျွန်တော် ဆောင်းပါးလေးတစ်ခု ဖတ်ရသည်။ ဘယ်ကဖတ်ရမှန်း မမှတ်မိတော့ပါ။

ဆောင်းပါးက သူတို့ချစ်သူတွေကို ချစ်ကြောင်းဖော်ပြတဲ့ နည်းလမ်းလေးတွေကို အတွေ့အကြုံအချို့နဲ့ ရေးထားခြင်း ဖြစ်သည်။

စိတ်ဝင်စားဖို့ကောင်းသလို နည်းလမ်းလည်း တော်တော်စုံသည်။

တစ်ခုတော့ သေချာသည်။

စိတ်ကူးယဉ်ဆန်ပြီးတော့ အချစ်ကို နူးနူးညံ့ညံ့ ခံစားတတ်တဲ့ လူတွေအတွက်တော့ ကောင်းမွန်လှပါသည်။

လုပ်ချင်လျှင်လုပ်သင့်သည်။

ကြည်နူးဖို့ကောင်းသည်။

လူပေါင်းစုံ၏အတွေ့အကြုံဖြစ်သောကြောင့် စိတ်ဝင်စားဖို့ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံဖြင့်ပေးသော

ကျွန်မချစ်သူက အဝေးတစ်နေရာမှာ ကျောင်းသွား ...က်နေတယ်။ သူနဲ့ ကျွန်မနဲ့ဟာ ဖုန်းထဲမှာရော အင်တာနက် ...ပါ စကားပြောဖြစ်ကြပါတယ်။

ဒါပေမယ့် ကျွန်မက သူ့အတွက် ဘယ်လောက် ...စားနေရလဲ၊ ဘယ်လောက် လွမ်းနေလဲဆိုတာကို ဒီထက်ပိုပြီး သူသိစေချင်သေးတယ်။

ဖုန်းထဲမှာရော အင်တာနက်မှာပါ ပြောလို့မရတဲ့ ခံစားချက်တွေပေါ့။ ဒါနဲ့ ကျွန်မလည်း ကျွန်မခံစားချက်တွေနဲ့ ကိုက်ညီတဲ့ သီချင်းတွေကို စုစည်းတယ်။ သူနဲ့ အကြိုက်ချင်း တူတဲ့ သီချင်းတွေရော ကာရာအိုကေဆိုတဲ့အခါ နှစ်ယောက် အတူဆိုတဲ့ သီချင်းတွေရော အပါအဝင်ပေါ့။

ပြီးတော့ CD ကူးပြီး အဲ့ဒီ CD ပေါ်မှာ သီချင်း ခေါင်းစီးလေးထဲက စာသားလေး တစ်ခု နှစ်ခုကို ကျွန်မ စာတန်းလေးအဖြစ် ပြန်ပြောင်းတယ်။

ဥပမာ - ငါနင့်ကိုချစ်တယ် သီချင်းဆိုပါစို့။

အဲ့ဒီအခါ ဒီလိုရေးလိုက်တယ်။ 'မကြာခင်မှာ ငါနင့် ကို ချစ်တယ် ထပ်ပြောဖို့ ဖုန်းခေါ်လိုက်မယ်' စတာမျိုးတွေပေါ့။

သူ ကျွန်မရဲ့ CD လေးကိုတွေ့ရင် နှလုံးခုန်သံတွေ တောင် ရပ်သွားနိုင်တယ်။ အဲ့ဒီ CD လေးထဲက သီချင်းသံလေး တွေဟာ ကျွန်မတို့ ချစ်သူနှစ်ဦးအတွက် ပိုပြီးရင်းနှီးသွားအောင် ကူလုပ်ပေးလိမ့်မယ်လို့ ကျွန်မယုံကြည်တယ်။

www.burmeseclassic.com



(၂) ပုလင်း

ချစ်သူနဲ့ ဝေးနေရတဲ့အချိန်မှာ ချစ်သူဆီက စာ၊ ကတ်လေးတွေ အီးမေးလ်နဲ့ပို့တဲ့သီချင်း ဓါတ်ပုံတွေကို မျှော်နေတတ်ကြပါတယ်။

တစ်နေ့.....

ကျွန်မချစ်သူက ကျွန်မဆီကို ပါဆယ်တစ်ထုပ် ပို့လိုက်တယ်။ ဖွင့်ကြည့်လိုက်တော့ ပုလင်းသေးသေး ချစ်စရာလေးထဲမှာ စာလေး တစ်စောင်တွေ့ရတယ်။

အို.....

ကျွန်မအသည်းနှလုံးတွေဟာ ပုလင်းလေးနဲ့ စာလေးကြောင့် အရည်ပျော်မသွားတာပါပဲ။

ဘယ်သူကရော အဲ့ဒီလိုပုံစံမျိုးနဲ့ စာလေးရရင် ကျွန်မလို မပျော်ပဲ နေနိုင်လို့လဲရှင်။






(၃) စာလိုက်ရှာခြင်း

တစ်နေ့ ကျွန်မချစ်သူ အိမ်လာလည်တယ်။ ပြန်တော့ သူက ကျွန်မကို 'အိမ်ထဲမှာ စာလေးတစ်စောင် ထားခဲ့တယ် ရှာကြည့်'ဆိုပြီး ပြောသွားတယ်။ ဘယ်မှာလဲလို့ မေးတော့ ဘာမှမပြောပဲ နှုတ်ဆက်ပြီး ပြန်သွားတယ်။

ကျွန်မမှာ အိမ်ထဲပြန်ရောက်တော့ စာဘယ်မှာလဲ ဆိုတာကို အပြေးအလွှားရှာရတယ်။

အပေါ်ထပ်တတ်တဲ့လှေကား အောက်နဲ့ အပေါ် တွေမှာ ရှာတယ်။ မတွေ့တော့ ရေခဲသေတ္တာ၊ စာအုပ်စင်၊ စာရေးစားပွဲ၊ ရေချိုးခန်း၊ ကွန်ပျူတာရှေ့ နေရာအစုံပါပဲ လိုက်ရှာမိတယ်။

မတွေ့ဘူး။ ကျွန်မချစ်သူက ကျွန်မအတွက် စာလေးကို ဘယ်မှာထားခဲ့ပါသလဲ။

နောက်ဆုံး Christmas တုန်းက သူလက်ဆောင် ပေးထားတဲ့ ဝက်ဝံရုပ် ကလေးရဲ့နောက်မှာ တိပ်နဲ့ ကပ်ထားတဲ့ စာလေးကို တွေ့ရတယ်။

ကျွန်မသိလိုက်ရတာက ချစ်သူဖွက်ထားတဲ့ စာလေးကို လိုက်ရှာရတာကလည်း ကြည်နူးစရာတစ်ခုလို့ မြင်လာခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



(၄) အချစ်စာအုပ်

ကျွန်မချစ်သူနဲ့ပတ်သက်ရင် ပြုလုပ်လေ့ရှိတဲ့ အရာတစ်ခုရှိတယ်။ အဲ့ဒါကတော့ အချစ်စာအုပ်ပါ။

လှပပြီး စွဲဆောင်မှုရှိတဲ့ စာအုပ်တစ်အုပ် ဝယ်လိုက်တယ်။

ပထမဆုံး သူနဲ့ပတ်သက်ပြီး ကျွန်မ အကြိုက်ဆုံးဆယ်ချက်ကို စာအုပ်ထဲမှာ ရေးလိုက်တယ်။

ပြီးတော့ အဲ့ဒီအချက်တွေဟာ ကျွန်မကို ဘယ်လောက်တောင် စွဲဆောင်မှုရှိတယ်၊ ကျွန်မအတွက် ဘယ်လောက်တောင် အရေးပါတယ် ဆိုတာတွေကို ချရေးလိုက်တယ်။

စာကို ထပ်ကာထပ်ကာ ပြင်တယ်။

စာအုပ်ကို အလှအပလေးတွေနဲ့ပြင်တယ်။ ထပ်ကာထပ်ကာ အလှအပပြင်တယ်။

နောက်ဆုံး ကျွန်မရဲ့ စိတ်ကူးတွေနဲ့ ပြင်ထားတဲ့ စာအုပ်လေးကို ကျွန်မတို့ချစ်သူ သက်တမ်းနှစ်ပတ်လည်အတွက် ပေးလိုက်တယ်။

နောက်တစ်နေ့ကျတော့ သူက ကျွန်မကို ပြုံးပြီးကြည့်တယ်။ ပြီးတော့ ကျွန်မလက်လေးကို ဆုပ်ကိုင်ထားတယ်။

ကျွန်မကလည်း သူ့ပခုံးလေးကိုမှီပြီး ကျွန်မ ရေးပေးလိုက်တဲ့ စာအုပ်ထဲက အကြောင်းအရာတွေကို ပြန်ပြောပြနေမိတယ်။

ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ။





(၅) တစ်နေ့တစ်ခါဖတ်ပါ

အကယ်၍ သင့်ချစ်သူက ခရီးတိုလေးတစ်ခု ထွက်တော့မယ်ဆိုပါစို့၊ ပန်းရောင်မှတ်စုလေးဝယ်လိုက်ပါ။

ပြီးတော့ သူနဲ့ခွဲနေရမယ့် နေ့တွေမှာ ဘယ်လိုခံစားနေရမယ့် အကြောင်း၊ တစ်ရက်စီ (ရက်စွဲ) တပ်ပြီးရေးပါ။

သူခရီးသွားတဲ့အခါ စာအုပ်လေးထည့်ပေးလိုက်ရင် သင့်ချစ်သူက တစ်ရက်စီ ဖတ်လို့ရတာပေါ့။

အဲ့ဒီအခါမှာ သင့်ချစ်သူနဲ့ သင်ဟာ ခွဲခွာနေရတယ်လို့ မခံစားရတော့ဘူးပေါ့။

လုပ်ကြည့်ပါ။ 'ဘယ်လိုခံစား နေရတယ်'ဆိုတဲ့ အကြောင်းအပြင် 'ဘယ်လိုနေ ဘယ်မသွားနဲ့' စသည့် မှာစရာရှိတာတွေကို ရေးလို့ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



(၆) 'ချစ်တယ်'လို့ ဘာသာစကား အမျိုးမျိုးနဲ့ပြောစေချင်တယ်




(ချစ်တယ်ဆိုတဲ့စကားအား ဘာသာစကားအမျိုးမျိုးနဲ့ ရေးပုံကို နောက်ဆုံးတွင် ဖော်ပြထားပါသည်။)





(၇) အိတ်ထဲထည့်မယ်

သင့်ချစ်သူရဲ့ အိတ်၊ အိတ်ကပ် (သို့) လက်ဆွဲအိတ်ထဲကို သင့်ချစ်သူမသိအောင် 'နင့်ကို ငါချစ်တယ် အရမ်းလွမ်းတယ်' စသည်တို့ကို ထည့်ပေးလိုက်လို့ရပါတယ်။

သင့်ချစ်သူက ထိုစာကို တွေ့သွားရင် မထင်မှတ်ထားသောကြောင့် အံ့ဩသွားနိုင်ပါတယ်။

ပိုချစ်သွားနိုင်ပါတယ်။

ချွင်းချက်တော့ရှိတာပေါ့၊ အိတ်ကပ်ထဲထည့်ပေးလိုက်လို့ သင့်ချစ်သူက သတိမထားမိပဲ အင်္ကျီတွေ ဘာတွေလျှော်လို့ အိတ်ကပ်နှိုက်ကြည့်တဲ့ သူ့အမေက တွေ့သွားရင်တော့ မတတ်နိုင်ဘူးပေါ့။

ဟဲ. . . . . ဟဲ. . . . . .။



www.burmeseclassic.com

www.burmeseclassic.com



(၈) အချစ်စောင်

သင့်ချစ်သူကြိုက်နှစ်သက်တဲ့ ကာလာပါ သောစောင်တစ်ထည် ကိုဝယ်လိုက်ပါ။

ပြီးတော့ ထိုစောင်ပေါ်မှာ 'ငါ့အနမ်းများစွာဖြင့် ချစ်သူအိပ်စက်နိုင်ပါစေ'၊ 'ငါနင့်ကိုချစ်တယ်'၊ 'နွေးထွေးစွာဖက်ထားမယ်' စသည်ဖြင့် ကြိုက်နှစ်သက် ရာစာသားများကို ရေးထိုးပြီး သင့်ချစ်သူကို လက် ဆောင်ပေးကြည့်ပါ။

ညအိပ်ယာဝင်တိုင်း တစ်စုံတစ်ခုသော ကြည်နူးမှုဖြင့် သင့်ချစ်သူ အိပ်ယာဝင်နိုင်ပါလိမ့်မည်။

ကဲ. . . . စမ်းကြည့်၊





သူတို့ဆီက ရည်းစားစကားပြောနည်း



www.burmeseclassic.com



(၁)

လူငယ်တွေမှာ တွေ့ကြုံရတဲ့ ကိစ္စတစ်ခုရှိပါသည်၊ ထိုအရာမှာ သူတို့ချစ်သည့်ကောင်မလေး (သို့) ကောင်လေးအား 'ရည်းစားစကား ပြောရသည့်နည်းလမ်းဖြစ်သည်၊

ကောင်လေးက ကောင်မလေးကို 'ချစ်တယ်'လို့ သိအောင် ဘယ်သို့သောနည်းတွေနဲ့ ပြောဆိုပြုမူမည်နည်း၊

ကောင်မလေးကရော. . . ၊

သူလည်းပဲ သူကြိုက်တဲ့ကောင်လေးကို အဖြေပြန်ပေးလျှင် နည်းလမ်းအချို့ အသုံးပြုရလေ့ရှိပါသည်၊

အများဆုံးသုံးသည့်နည်းမှာ . . .

ဆိုင်တစ်ဆိုင်၌ ကောင်လေးရှေ့တွင် ရှတ်ကိုးရှတ်ကန်းဖြင့်

"အင်း . . . ကျွန်မလည်းရှင့်ကိုချစ်တယ်"

ဆိုပြီး ပြန်ပြောသည့်စတိုင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်၊

အခြားနိုင်ငံတွေမှာရော . . . . . ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း သူတို့နည်းလမ်းနှင့်သူတို့ အဆင်မပြေနေကြပါသည်။

ကစ်ချို့လူငယ်တွေ ပြောကြတာရှိပါသည်။

"ရည်းစားစာပေးရတာတို့ ရည်းစားစကား လိုက်ပြောတာတို့က ခေတ်ဟောင်းမှာ ကျန်ခဲ့ပြီလေ . . . အသစ်ပဲ သုံးချင်တယ်၊

တကယ်တော့ တစ်ချို့ဟာတွေက ဟောင်းနေပေမယ့်လည်း ကောင်းနေပါသေးသည်၊

ထားလိုက်ပါ။

အခုပြောချင်သည့်အကြောင်းအရာက သူတို့အနောက်နိုင်ငံမှာ သုံးလေ့သုံးထရှိသည်ဟု ယူဆရသည့်နည်းလမ်းအချို့ကို ပြောလိုခြင်းဖြစ်သည်၊

တစ်ချို့အချက်များသည် ပေါတောတောနိုင်သည်၊ ခပ်ကြောင်ကြောင်နိုင်သည်ဟု ထင်ကောင်းထင်စရာရှိပါသည်၊

သို့သော် စာဖတ်သူ၏စိတ်ထဲတွင် ပေါလိုက်တာဟု ထင်နေနိုင်သော်လည်း ထိုပြုလုပ်သူ၏ စိတ်ထဲတွင်တော့ ကြည်နူးနေမှာအမှန်ပါပဲ၊

ဖတ်ကြည့်လိုက်ရင်တော့ စိတ်ကူးလေးတစ်ခုရရှိနိုင်ပါသည်၊
ထိုစိတ်ကူးလေးကို သင်ချစ်တဲ့ ကောင်မလေးအတွက်
အသုံးချကြည့်ဖြစ်မယ်ဆိုရင် . . .






(၁) ကိတ်မုန့် အကြီးကြီးတစ်ခုမှာပါ။ ထိုကိတ်မုန့်ပေါ်တွင် "ငါနင့်ကိုချစ်တယ်" စသဖြင့်ရေးပြီး အောက်က နာမည်ရေးချင်က ရေးနိုင်ပါတယ်၊
ပြီး . . . သူမအိမ်ကို ပို့နိုင်ပါတယ်၊
ဒါမှမဟုတ် သူငယ်ချင်းတွေအားလုံးရှေ့မှာ သူမကို လက်ဆောင်ပေးနိုင်ပါတယ်၊

(၂) ရေဒီယိုကနေ (ဥပမာ-FM) သင်ချစ်တဲ့ ကောင်မလေးကို "ချစ်တဲ့အကြောင်း"စကားလုံးတိုတိုလေးနဲ့ အသံလွှင့်နိုင်ပါတယ်၊ သိပ်မရှည်စေနဲ့ပေါ့၊

(၃) ပန်းစည်းလေးဝယ်၊ ပြီးရင် သူငယ်ချင်းက တဆင့် (သို့) ပန်းဆိုင်ကနေတဆင့် (သင့်ခံစားချက်အချို့ပါဝင်သောစာသားနှင့်အတူ)ပေးပို့နိုင်ပါတယ်၊






www.burmeseclassic.com


www.burmeseclassic.com



(၄) သူမနာမည်ပါသော Website လိပ်စာအား ပြု လုပ်ပြီး သင်၏ ခံစားချက်များကိုရေးသားစီစဉ်ကာ ကောင်မလေး အား သိရှိစေခြင်း . . . ။ (ဥပမာ - www.yaeyae.com . . . စသည်ဖြင့်) Websiteမှာအကုန်အကျများနိုင်သည်ဟု ဆိုပါက အင်တာနက်တွင် တိုယ်ပိုင် blog များအား အခမဲ့ ဖန်တီးနိုင်ပါသည်။
(ဥပမာ-www.yaeyae.googlepages.com. . . စသည်ဖြင့်) ထိုအခါ သင်ချစ်သည့် ကောင်မလေးအား ထို လိပ်စာပေးပါက သူမသည် သင့်ခံစားချက်အား အွန်လိုင်း ပေါ်တွင် ဝင်ကြည့်နိုင်ပါသည်။


(၅) သင့်ချစ်သူအလုပ်သွားနေကျ လမ်းကြောင်း(သို့) ကျောင်း သွားနေကျလမ်းမှာ billboard (ကြော်ငြာဆိုင်းဘုတ်) ဖြင့် သင့်အချစ်အားဖော်ပြခြင်း. . . ။ (ငွေအကုန်ခံနိုင်ပြီး မရှက်မကြောက်လုပ်ရဲရင်တော့ မိတ်ဆွေလည်း စမ်းကြည့် သင့်ပါသည်)

(၆) ပန်းရောင်ကတ် (သို့) အချစ်နှင့် ပတ်သတ်သည့် ကတ် ပေါ်တွင် သင်ချစ်နေကြောင်း ဖော်ပြပြီး ကောင်မလေးထံသို့ ပေးပို့နိုင် ပါသည်။








(၇) SMS ဖြင့် 'ချစ်သဝဏ်လွှာ' ပေးပို့နိုင်ပါသည်။

(၈) သင်ချစ်ရသောသူ အလွယ်တကူ ရှာတွေ့နိုင် သော နေရာတွင် 'သင်၏ အချစ်စာသား' များ ထားရှိခြင်းဖြင့် သိစေနိုင်သည်၊

(၉) ဒါကတော့ ရိုးရိုးလေးပါ။ သူ့အိမ်ကို စာတိုက်က တဆင့်စာပို့ ပို့စကတ်နှင့် အခြားကတ်များလည်း အသုံးပြုနိုင်တယ်၊
(သူ့မိဘတွေ့ရင်တော့ ထိုကောင်မလေးပဲ ကြိတ်မှိတ်ခံရမှာပေါ့။)



www.burmeseclassic.com

(၁၀)သူမအတွက် အချစ်ကဗျာလေးရေးပြီး ပေးနိုင်ပါတယ်။

(ကဗျာမှာ သူမအကြောင်း သူမနာမည်ပါရင် ပိုကောင်း၏)

(၁၁)သတင်းစာ၊ မဂ္ဂဇင်းများမှတဆင့် သင့်အချစ်အား ကြော်ငြာခြင်း။

(၁၂)သင်ချစ်နေသော သူက သင်နဲ့ အလုပ်အတူတူပဲဆိုရင်. . .

သူမကိုင်နေကျဖြစ်သော ကွန်ပျူတာတွင် Screen Saver ပြုလုပ်၍ သင်၏အချစ်အား သိစေနိုင်ပါသည်။

(၁၃)လှပသော ချောကလက်ဗူးလေးတွင် 'သင်၏အချစ်အကြောင်း' ရေးသားထားသော ကတ်လေးအား ချိတ်ဆွဲ၍ သူမထံသို့ ပေးပို့နိုင်ခြင်း . . . ။





(၁၄)သူမရဲ့ဓာတ်ပုံ(သို့) သူမထိုင်နေသည့် အနေအထားအား ပန်းချီဆရာတစ်ဦးနှင့်ဆွဲ၍ ပေးပို့လျှင် သူမ အံ့ဩဝမ်းသာသွားနိုင်ပါသည်။



www.burmeseclassic.com


(၁၅)သူမ ကျောင်း (သို့) သူမ ပတ်ဝန်းကျင်မှာရှိသည့် ထင်ရှားပြီး လှပသော သစ်ပင်တစ်ပင်တွင် သင်၏ အချစ်စာသားများပါသည့် ကတ် (သို့) စာရွက်ကို ချိတ်ဆွဲပါ။

ထို့နောက် သူမထံသို့သွားပြီး ၎င်းသစ်ပင်တွင် သင့်အတွက် အကြောင်းအရာလေး တစ်ခုရှိကြောင်း ပဟေဠိဝှက်လျှင် သူမ စိတ်ဝင်စားပြီး သစ်ပင်ရှိ သင်၏ အချစ်စာအား တွေ့ရှိနိုင်ပါသည်။

(၁၆)သူမ အိမ်ရှေ့မှာ သူမ ကြိုက်နှစ်သက်သော သီချင်း လေးများဆိုပြခြင်း . . . ။


(အသံကောင်းပြီး နားငြီးမှုမဖြစ်စေရန် လိုအပ်ပါသည်။)

(၁၇)သူမလိုချင်သည့် အရာများကို သင်က ဝယ်ပေးခြင်း ဖြင့် သင်၏ အချစ်ကို ဖော်ပြခြင်း။










(၁၈)နှစ်ယောက်တည်း ရှိနေချိန်တွင် သူမမျက်ဝန်းလေးကိုကြည့်ပြီး 'ငါနင့်ကိုချစ်တယ်'လို့ ပြောခြင်းသည် တမ္ဘာပေါ်တွင် အကောင်းဆုံး အရာသာလို့ ဆိုကြပါသည်။

www.burmeseclassic.com



ထိုသို့သော ချစ်နည်းလမ်းများအတိုင်း
လိုက်လုပ်မိ၍ဒုက္ခရောက်သော
သူငယ်ချင်းတစ်ယောက်၏ အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော်ကျောင်းသား ဘဝတုန်းကပါ။ ကျွန်တော်တို့အတန်းမှာ စိုးမြင့်ကြည်ဆိုတဲ့ ကျောင်းသားတစ်ယောက်ရှိပါတယ်။

သူက နည်းနည်းရုပ်ဆိုးပြီး တွေ့သမျှကောင်မလေးတွေကို လိုက်ကြိုက်တတ်တဲ့ အကျင့်တလည်း ရှိနေတယ်။

တစ်နေ့ ကျွန်တော်က ကင်တင်းမှာ ညကဖတ်ထားတဲ့ 'အနောက်နိုင်ငံက ရည်းစားစကားပြောနည်း' အကြောင်းတို့ ပြောနေတုန်း သူက တစ်ဖတ်ဝိုင်းက ကြားသွားပြီး ကျွန်တော်တို့ဝိုင်းတို့ ပြောင်းလာတယ်။

"မင်းပြောတဲ့ နည်းလေးတွေ မိုက်တယ်ကွ ငါ့ပြန်ပြောပြပါဦး မှတ်ချင်လို့"

ဆိုပြီး စာအုပ်ကြီးထုတ်ကာ မှတ်ရန်ပြင်တယ်။

ကျွန်တော်တလည်း ထပ်ပြောပြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာလုပ်မလို့လဲ"

"ဟ. . . ဒီနည်းတွေအတိုင်း ရည်းစားစကား ပြောမလို့ပါကွ"

"ဖြစ်ပါ့မလား"

"ဟာ . . . နိုင်ငံခြားသားတွေက ဒီနည်းတွေ သုံးတယ်ဆိုရင် ငါကြည့်ရတဲ့ကားထဲကအတိုင်းဖြစ်နိုင်တာပဲ . . . နှစ်ယောက်တို့ သုံးယောက်တို့ပေါ့"

အားလုံးက ဘာမှမပြောနိုင်ခင် သူက အရင်ဦးအောင်ထရပ်တယ်။ ပြီးတော့ 'စမ်းသပ်ကြည့်မယ်'ဆိုပြီး လှည့်ထွက်သွားလေရဲ့ . . . ။

ကျွန်တော်တို့လည်း စိုးမြင့်ကြည်ကိုကြည့်ရင်း မျက်နှာအငေးသားနှင့် ကျန်ခဲ့ကြတယ်။

(နောက်ပိုင်းတွင် စိုးမြင့်ကြည်က သူ့အဖြစ်အပျက်များကို ပြန်ပြောပြပါသည်။)

■





(၂)

စိုးမြင့်ကြည်သည် သူမှတ်ထားသော စာအုပ်ကို ဖွင့်ကြည့်လိုက်သည်။

အမှတ် (၁၁) ဟု တပ်ထားသော စာတန်းလေးကို တစ်ခေါက် ပြန်ဖတ်လိုက်သည်။

သတင်းစာ၊ မဂ္ဂဇင်းများမှတဆင့် သင့်အချစ်အား ကြေညာခြင်း။

ဒီနည်းက ပိုက်ဆံနည်းနည်းကုန်သည်ဟု တွေးလိုက်သည်။ နောက်ထပ်တစ်ခုကို ထပ်ရွေးလိုက်သည်။

ပိုက်ဆံကုန်သည့်နည်းလမ်းတွေက များနေသည်။

ထို့နောက် စိုးမြင့်ကြည်သည် အမှတ်စဉ်တစ်ခုအား သွားတွေ့သည်။

မဆိုးဘူးဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကျောင်း(သို့)သူမ ပတ်ဝန်းကျင်မှာရှိသည့် ထင်ရှားပြီး
လှပသော သစ်ပင်တွင် သင်၏ အချစ်စာသားများပါသည့်
ကတ် (သို့) စာရွက်ကို ချိတ်ဆွဲပါ။ ထို့နောက် သူမထံသို့သွားပြီး
ရင်းသစ်ပင်တွင် သင့်အတွက် အကြောင်းအရာလေး
တစ်ခုရှိကြောင်းပြောပြီး ပဟေဠိဖွက်လျှင် သူမ စိတ်ဝင်စားပြီး
သစ်ပင်ရှိ သင်၏ စာအား တွေ့ရှိနိုင်ပါသည်။

"ဟုတ်ပြီ . . . ဒီနည်းကောင်းတယ်"

ထို့နောက် စိုးမြင့်ကြည်သည် စာအုပ်ကိုပိတ်ကာ သူ ကြိုက်တဲ့ ကောင်မလေး မဝင်းကြည်ရှိရာသို့ လှမ်းသွားလိုက်သည်။

(မဝင်းကြည်ကို ကြိုက်ရသည့် အချက်တွေထဲမှာ သူ့နာမည်နှင့် တူသည့် 'ကြည်'ဆိုသည့် နာမည်ပါခြင်းသည်လည်း အကြောင်းပြချက်တစ်ခု ဖြစ်သည်။)

သစ်ပင်အကြီးကြီးတစ်ခုကို မော့ကြည့်လိုက်သည်။ အတော်အတန်မြင့်သော သစ်ပင်ဖြစ်သည်။

ဤသစ်ပင်သည် မဝင်းကြည်တို့ မေဂျာနှင့်နီးသော သစ်ပင် တစ်ခုလည်းဖြစ်သည်။

လွယ်အိတ်ထဲက ကတ်ပြားတစ်ခုကို ထုတ်လိုက်သည်။ ကတ်ပေါ်ကစာလေးကို တစ်ခေါက်ဖတ်လိုက်သည်။

ဝင်းကြည်ကို ချစ်တယ်။

သူ့တချနပ်သွားသည်။ ထို့နောက် ကတ်ပြားကို သူနှင့် လက်လှမ်း မှီသော သစ်တိုင်းတစ်ခုတွင် ချည်လိုက်သည်။





နောက်ထပ်ကတ်ပြားတစ်ခု ဆွဲထုတ်လိုက်ပြန်သည်။

ဝင်းကြည်ရေ . . . စိုးမြင့်ကြည်က နင့်ကို အရမ်းချစ်တာ . . . ဒီသစ်ပင်ကြီးသိတယ်။

ဒီစာသားလေး ထိတယ်ဟု တွေးလိုက်ရင်း နောက်ထပ် သစ်ကိုင်းတစ်ခုတွင် ချိတ်လိုက်ပြန်သည်။

နောက်ကတ်တစ်ခု . . .

ဝင်းကြည် . . .

နောက်ကတ်တစ်ခု -

ဝင်းကြည် . . . . .

နောက်ထပ် သစ်ကိုင်းတစ်ခုမှာ သူနှင့်လက်လှမ်းမမှီချေ . . .။ ထို့ကြောင့် ပုဆိုးကို ခါးတောင်းကြိုက်လိုက်ပြီး သစ်ပင်ပေါ် တက်လိုက်၏။ ထို့နောက် နီးစပ်ရာ သစ်ကိုင်းတွင် -

ဝင်းကြည် . . . . . ငါ့ကိုတော့ မရက်စက်ပါနဲ့ ဆိုသည့် စာတန်းပါကတ်ကို ချိတ်လိုက်သည်။

ဤသို့ဖြင့် ကတ်များကို တခုပြီးတစ်ခုချိတ်ရင်း သစ်ပင် အပေါ်သို့ တက်လိုက်ချိတ်လိုက်နှင့် ဖြစ်နေသည်။

အချစ်ဇောနှင့်ကတ်များကို ချိတ်နေသော စိုးမြင့်ကြည်မှာ သစ်ပင်အောက်တွင် ဘာဖြစ်နေလဲ မသိတော့ပါ။

သူချိတ်နေသော သစ်ပင်အောက်တွင် ကျောင်းသား၊ ကျောင်းသူများ ဝိုင်းအုံကာ သူ့ကို အထူးအဆန်းဆိုသလို ဝိုင်း ကြည့်နေကြသည်။

ထို့ပြင် သူချိတ်ထားသော ကတ်ပြားမှ စာများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အသံထွက် ဖတ်နေကြသည်။

တဖြည်းဖြည်းနှင့် လူများ ဝိုင်းအုံလာကြသည်။

ထိုစဉ် ဆရာမတစ်ယောက်က လမ်းသွားရင်းနှင့်ပင် အဖြစ်အပျက်ကို လှမ်းမြင်လိုက်ရသည်။

"ဘာဖြစ်နေတာလဲ"

နီးစပ်ရာ ကျောင်းသားတစ်ယောက်ကို လှမ်းမေးလိုက်သည်။

"မသိဘူး၊ ကျောင်းသားတစ်ယောက် ကတ်ပြားတွေ သစ်ပင်မှာ လိုက်ချိတ်နေတာ၊ ကတ်ပြားပေါ်မှာ စာတွေလည်း ရေးထားသေးတယ်"

ဆရာမ တွေဝေသွားသည်။

ကျောင်းသား၊ ကျောင်းသူများကြားထဲသို့ တိုးဝင်ပြီး ကြည့်လိုက်သည်။ ကတ်ပြားတစ်ခုကိုလည်းအသံထွက်ဖတ်မိသည်။

ဝင်းကြည် . . . ငါ့ကိုတော့ မရက်စက်ပါနဲ့

ချက်ချင်းဆိုသလို ဆရာမသဘောပေါက်လိုက်သည်။ ဤကိစ္စ သည် သူတို့၏ ပါမောက္ခဆရာဦးဝင်းကြည်နှင့် ပတ်သက်လိမ့်မည် ဆိုတာပင် . . .။

ထို့ကြောင့် ဆရာဦးဝင်းကြည်အား အကြောင်းကြားရန် အတွက် ထွက်သွားလေသည်။

"ဟာ . . . ဒါဆို ဒီကောင်ပြဿနာတက်ပြီပေါ့"

"အေးပေါ့ ငါတို့ဆရာ ဦးဝင်းကြည်တလည်း ဒီကောင်ရေးထားတဲ့ 'ဝင်းကြည်ကိုချစ်တယ်'ကို ဖတ်လိုက်တွန့်သွားလိုက်နဲ့ ဖြစ်နေတာပေါ့"





"ဒီကောင်တလည်း ငါတို့ ပါမောက္ခနာမည်က ဦးဝင်းကြည်ဆိုတာကို မသိဘူးလား"

"သူလည်း ရုတ်တရက်ဆိုတော့ မေ့နေတယ်ထင်တယ်"

ဤသို့ဖြင့် ကျွန်တော်တို့တွေ စိုးမြင့်ကြည်အကြောင်းကို ပြောရင်း ရယ်ကြရသည်။

နောက်တော့ စိုးမြင့်ကြည်က သေချာရှင်းပြ၍ ပါမောက္ခ စိတ်ပြေသွားကာ အပြစ်လွတ်သွားတယ်လို့ ကြားကြရသည်။

တကယ်တော့ သူက စတန့်ထွင်တာပါ။

စာလိပ်သေးသေးလေးတစ်ခုကို သစ်ပင်ကြားထဲမှာ ညှပ်ပြီး ကောင်မလေးကို သွားပြောရမယ့်ကိစ္စကို ကတ်ပြားကြီးတွေ အများကြီးလုပ်၊ စာတွေရေး စာတွေချိတ်နဲ့ဆိုတော့ အခြေအနေက အခုလောက်ထိ ဆိုးသွားခြင်း ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်လိုပုံစံမျိုးရည်းစားစကား မပြောသင့်ဘူးလဲ



www.burmeseclassic.com

www.burmeseclassic.com



(၁)

ဖုန်းနှင့်ရည်းစားစကား မပြောရ၊ ထို့ပြင် Chatting ထဲ တလည်း ရည်းစားစကား မပြောရပါ။

မလေးနတ်ဘူးလို့ တစ်ဖက်လူ ခံစားသွားရနိုင်သလို၊ ပေါ့ပျက်ပျက်ကြီးလည်း ဖြစ်နိုင်ပါတယ်။

တကယ်တော့ အချစ်ဆိုတာ သင့်ခံစားချက်ထဲက လာတာပါ၊ ဖုန်းနဲ့ အင်တာနက်ထဲက လာတာ မဖြစ်ပါစေနဲ့။

(၂)

လူရှေ့သူရှေ့မှာလည်း ရည်းစားစကား မပြောပါနဲ့၊ သင်ချစ်ရတဲ့သူ ရှက်သွားနိုင်သလို သူကပြန်ပြီး မချစ်နိုင်ပါဘူးလို့ ပြောင်းရင် သင်လည်း အရှက်ရနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ရည်းစားစကားကို နောက်နောက်ပြောင်ပြောင် ရယ်ရယ်မောမောမပြောပါနဲ့၊ သူ့ဘက်က လေးလေးနက်နက် ပြန်စဉ်းစားတဲ့အခါမှာ သင်က ထို ကိစ္စကို အလေးအနက်မထားဘူးလို့ ထင်ခံရနိုင်ပါတယ်။

(၄)

ရည်းစားစကားပြောတဲ့အခါမှာ သင့်အမူအရာနဲ့ ယဉ်ကျေးသိမ်မွေ့မှုကို အထူးဂရုပြုပါ။

စားနေသောက်နေစဉ်မှာ ရည်းစားစကား မပြောပါနဲ့။

အလုပ်ရှုပ်နေ၊ အလုပ်လုပ်နေစဉ်မှာလည်း ရည်းစားစကားမပြောပါနဲ့။

သူ့ကိုလေးစားပါ။

ဒါမှ သူကလည်း သင့်ကို ပြန်လေးစားပါလိမ့်မယ်။





(၅)

တကယ်ချစ်ပြီ . . . သူ့ကို သင်က နှစ်နှစ်ကာကာကို လိုအပ်နေပါပြီလို့ သေချာမှသာ ရည်းစားစကားပြောသင့်ပါတယ်။

လူတော်တော်များများဟာ ပတ်ဝန်းကျင်ရဲ့ တိုက်တွန်းမှု၊ မြှောက်ပင့်မှုကြောင့် ချစ်စကားကြိုက်စကားလေးတွေပြောတတ်ပါတယ်။

နောင်အခါမှသာ သူတို့ပြောခဲ့တာတွေကို နောင်တရတတ်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



သင်ဟာ ရည်းစားရှိတဲ့ လူတစ်ယောက်ဆိုရင်. . .
တိုးတိုးလေးပြောစရာတစ်ခုရှိတယ်။
ဘယ်လိုပုံစံမျိုးရည်းစားစကားမပြောသင့်ဘူးလဲ ဆိုတဲ့
အခန်းကို မိတ္တူကူးပါ။
ပြီးရင် သင့်ကောင်မလေးကို ပြပြီး
"ဒီမှာတွေ့လား. . . ကိုကမေ့ကို ရည်းစားစကားပြောတုန်းက
ဒီလို ဒီလိုမျိုး မပြောခဲ့ဘူး"
စသည် စသည်ဖြင့် ပြောလို့တော့ရတာပေါ့. . .





တစ်သက်လုံးချစ်မယ့်
ရည်းစားစာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ပါပုံနှင့်
တစ်ဖက်ပါစာသားအား
သင်တစ်သက်လုံးချစ်မယ့်သူဆီသို့
ပို့ပေးပါ . . .

ထိပ်ဖော်အသစ်တာဝ

www.burmeseclassic.com

www.burmeseclassic.com







နို့ဗူးသောက်ကတည်းက ချစ်လာတဲ့
ငါ့အချစ်ဟာ
အအေးသောက်တဲ့
ကျောင်းသားဘဝအထိ
ဆက်ချစ်ဆဲပါ

အရွယ်ရောက်လို့ အပေါင်းအသင်းတွေနဲ့
အရက်သောက်နေတုန်းလည်း
နင့်ကိုပဲ ဆက်ချစ်နေမှာပဲ

နောက်ဆုံးအချိန် . . .

ဆေးရုံရောက်လို့
ပုလင်းလေးချိတ်
အပ်လေးထိုးနေရတဲ့အချိန်ထိလည်း
ငါ နင့်ကိုပဲ
ချစ်နေဦးမှာ . . .။

■



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကို

ဘယ်မှာ အများဆုံးတွေ့ရလဲ



www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ်နေ့ သူငယ်ချင်းတစ်ယောက် ကျွန်တော့်အိမ်သို့ ရောက် လာသည်။ ထုံးစံအတိုင်း သူက ကျွန်တော့်အား လေစပစ်ပါတော့သည်။

"မင်းဘာစာအုပ်တွေဖတ်နေလဲ"

"အချစ်အကြောင်းတွေရေးထားတဲ့ စာအုပ်လေးတစ်ချို့ ဖတ်နေတယ်"

"ဟာ . . . ကောင်းတာပေါ့"

ဟု ဆိုပြီး ကျွန်တော် ဖျော်ထားသော ကော်ဖီကို တငုံယူ သောက်သည်။

ထို့နောက် အိမ်ထဲ၌ ဟိုလျှောက်ဒီလျှောက် လုပ်နေသည်။ ပြီး ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး -

"ငါမေးရဦးမယ်ကွ"

"အင်း . . မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသိတဲ့အတိုင်းပဲကွာ ငါကရည်းစားမထားတော့. . ."

"ပြန်ကြိုက်မယ့်သူမရှိတာပါကွာ"

ကျွန်တော်က ဝင်ထောက်လိုက်တော့ သူကမသိချင်ယောင်ဆောင်ပြီး သူ့စကားသူဆက်ပြောသည်။

"အဲဒါကွာ. . . ငါမင်းဆီက အကြံဉာဏ်တောင်းချင်လို့"

"အာ . . . ငါလဲ သိပ်သိတာမှ မဟုတ်တာ"

"မင်း . . . ဖတ်နေတဲ့ စာအုပ်ထဲက ပြောလဲရတာပဲ" ဟုဆိုပြီး အတင်းတာရော ပြောနိုင်းတော့သည်။

ကျွန်တော်ကလည်း အားနေတာကြောင့် သူ့ဘေးနားတွင် ဝင်ထိုင်လိုက်ပြီး

"ကဲ . . . မင်းကဘာသိချင်လို့လဲ"

သူတ သူ့ဆံပင်တို ဆွဲလိမ်ရင်း -

"ပထမဆုံး ငါကြိုက်တဲ့ မိန်းကလေးကို လိုက်ရှာရမယ်ကွာ၊ အဲဒီတော့ ဘာလုပ်ရမလဲ"

"ဒါဆို မင်းမိန်းကလေးတွေ အများဆုံးရှိတဲ့ နေရာကိုသွားပေါ့"

"မိန်းကလေးတွေ အများဆုံးရှိတဲ့နေရာ . . ဟုတ်လား" ကျွန်တော့်စကားကိုသူစိတ်ဝင်စားသွားသည်။

ပခုံးကြီးပင့်ပြီး၊ မျက်လုံးကြီးလည်းပြူးထွက်လာသည်။

"ရှိတယ်၊ ငါဖတ်နေတဲ့ စာအုပ်ထဲမှာလဲပါတယ်"

"ဟုတ်လား၊ . . . ဒါ . . . ဒါဆို ပြောပြစမ်းပါဦး၊"

ကျွန်တော့်သူငယ်ချင်းမှာ ဝမ်းသာအားရ ဖြစ်သွားပြီး ထိုင်နေ





သည့် ထိုင်ခုံပေါ်သို့ ခြေထောက်နှစ်ချောင်းတင်ကာ အားရပါးရထိုင်လိုက်သည်။

"မင်းတို့ ငါတို့ သတိမထားမိလို့ပါ၊ ငါပြောလိုက်ရင်လည်းသြော် . . . ဒါတွေလားဆိုပြီး ဖြစ်သွားလိမ့်မယ်"

"ကဲပါ . . . လျှာရှည်လိုက်တာ ပြောမှာဖြင့် ပြောတာမဟုတ်ဘူး"

ဒါနဲ့ ကျွန်တော်လည်း သူ့ကို 'မိန်းကလေးတွေအများဆုံးရှိတဲ့နေရာ' ကို စတင်ပြောပြလိုက်ရသည်။

"ပထမဆုံး Shopping Center (ဈေးဝယ်တဲ့နေရာတွေမှာ တွေ့ရတတ်တယ်" ဟု ဆိုလိုက်ပြီး တဖက်ပါအတိုင်း အစီအစဉ်တကျ ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁) Shopping Center (ဈေးဝယ်တဲ့နေရာ)

ဈေးဝယ်ခြင်းဟာ မိန်းကလေးတွေ ကြိုက်နှစ်သက်ဆုံး အလုပ်တစ်ခုဖြစ်ပြီး ယောကျ်ားလေးတွေ အမုန်းဆုံးအရာလည်း ဖြစ်သည်။

ဒါပေမယ့် ယောကျ်ားလေးတွေ သဘောတူ တတ်တဲ့ မိန်းကလေးတွေ အများဆုံးတွေ့ရတတ်တာ တော့ Shopping Center မှာပါပဲ။

ပြောရလျှင် . . . Shopping Center ဟာ မိန်းမများအတွက် ဈေးဝယ်ရာနေရာဖြစ်ပြီး ယောကျ်ား များအတွက် ရွေးချယ်ရာနေရာ ဖြစ်လာတတ်သည်။

Shopping Center ကို ဝင်ပြီဆိုရင် ပထမ ဦးဆုံး အထည်ဆိုင် (သို့) အကျီဆိုင်ကို သွားကြည့်ပါ။

မိန်းကလေးတော်တော်များများကို အခြားဆိုင် များမှာထက် ပိုတွေ့ရပါမယ်။ ဒါကြောင့် Shopping Center ဟာ မိန်းမလှလေးတွေကို တွေ့ချင်တဲ့ ယောကျ်ားများအတွက် အသင့်တော်ဆုံးနေရာဖြစ်သည်။

နောက်တစ်နေရာကတော့ . . . . .





(၂) သင်တန်း (Learning Places)

သင်တန်းဆိုတာ အင်္ဂလိပ်စကားပြောစတဲ့ သင်တန်းတွေကိုပဲ ဆိုလိုတာမဟုတ်ပါဘူး။ တက္ကသိုလ်၊ ကောလိပ်နှင့် အခြားသင်ကြားတဲ့ နေရာများလည်း ပါဝင်သည်။

အဲဒီနေရာတွေမှာ ငယ်ရွယ်ပြီး အပျိုစင် မိန်းကလေးတွေကို အများဆုံးတွေ့ရပါတယ်။

ဒါကြောင့် ထိုနေရာဟာ လူငယ်များအတွက် မိန်းမပျိုလေးများ ရှာဖွေရာနေရာတစ်ခု ဖြစ်လာခဲ့ ပါတယ်။

ကောင်းတာကတော့ ထိုနေရာမှာ ပညာတတ် အမျိုးသမီးလေးများ တွေ့နိုင်ရန် အခွင့်အရေးသာခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၃) အလုပ်လုပ်ရာနေရာ (The Workplace)

ဘဝရဲ့အချိန် တော်တော်များများကို အလုပ်ထဲမှာပဲ ကုန်ဆုံးလေ့ရှိပါတယ်။ ဒါကြောင့် ယောကျ်ားလေး တော်တော်များများက သူတို့နဲ့ သင့်တော်ရာ အမျိုးသမီးကို အလုပ်ခွင်ထဲမှာပဲ တွေ့တတ်ပါတယ်။

ဘဝတူ၊ အလုပ်တူ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိသောသူများကို အလုပ်ခွင်မှာ တွေ့ရတတ်ပါတယ်။

ကုမ္ပဏီမှာရှိတဲ့ အပျိုကြီးတွေကတစ်ဆင့် အောင်သွယ်ခိုင်းတာမျိုး စသည်ဖြင့်ပေါ့ . . .

## (၄) အားကစားခန်းမ၊ သင်တန်း(နှင့်)ဝါသနာတူရာ

Gyms ကစားတဲ့နေရာတို့၊ အားကစားလုပ်တဲ့နေရာတွေမှာ မိန်းကလေးတော်တော်များများကို တွေ့ရတတ်ပါတယ်။

နောက်ပြီး ဝါသနာတူရာနေရာတွေ . . .

ဥပမာဆိုပါစို့---သင်က စာဖတ်ဝါသနာပါတဲ့လူဖြစ်ပါက စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်များမှာ ဝါသနာတူရာ မိန်းကလေးများကိုလည်း တွေ့နိုင်ပါတယ်၊

ထိုအခါ သင့်အတွက် အဆင်ပြေအောင် ကြည့်ကျက်လှုပ်ရှားလို့ရတာပေါ့ . . .

ပေါက်တယ်နော် . . .





## (၅) ပွဲလမ်းသဘင်၊ ကပွဲနှင့်အားကစားပွဲ

ပြဇာတ်၊ ကပွဲ၊ ပွဲလမ်းသဘင်နှင့် အားကစားပွဲများတွင်လည်း မိန်းကလေးတော်တော်များများ တွေ့ရတတ်ပါတယ်၊

သတိထားစရာတစ်ခုတော့ရှိတယ်၊ သူတို့တွေပွဲကြည့်စဉ် တစားပွဲကို စိတ်ဝင်စားနေစဉ်မှာတော့ (စကားပြောခြင်း၊ ဝင်ရောခြင်း)ကို ရှောင်သင့်ပါတယ်။

ဘာကြောင့်ဆို သူတို့က ကစားပွဲနှင့် ပြဇာတ်တို့ကို စိတ်ဝင်စားနေတာကြောင့် သင့်ကို အဖတ်လုပ်ပြီး အရေးတယူစကားပြောမှာ မဟုတ်ပါဘူး။

နောက်ဆုံးတစ်ခုလား . . . အင်း . . . အဲဒါကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



(၆) အင်တာနက်

အင်တာနက်က သတိထားရမယ့် အရာတစ်ခု ပါ။ အခုခေတ်မှာ သူ့ကို မေ့ထားလို့လည်းမရပါဘူး။

ဘာကြောင့်ဆို အင်တာနက် အွန်လိုင်းပေါ်မှာ တောင်လေးနဲ့ တောင်မလေးတွေတွေ့ကြတဲ့ ဇာတ်လမ်းတွေ အများကြီးပါပဲ။

ဒီတော့ . . . ကောင်မလေး တော်တော်များများကို တွေ့နိုင်တဲ့နေရာတစ်ခုအဖြစ် အင်တာနက်ကို ထည့်သွင်းရခြင်းဖြစ်သည်။ သို့သော် တစ်ခုတော့ရှိသည်။

အွန်လိုင်းပေါ်တွင် အောက်ပါအချက်များတော့ သေချာအောင် ပြုလုပ်ထားရမည်။

(၁) ကိုယ်နှင့်အွန်လိုင်းပေါ်တွင် သိကျွမ်းသော တောင်မလေးသည် အစစ်အမှန်တောင်မလေးဖြစ်ဖို့လိုသည်။(တစ်ချို့ယောကျ်ားလေးတွေက မိန်းကလေးလို ဟန်ဆောင်မိတ်ဆက်သောကြောင့်ဖြစ်သည်။)

(၂) Webcams (ဗွီဒီယိုကင်မရာ) အသုံးပြုပါက ပိုတောင်းပါသည်။

(၃) ဒါမှမဟုတ် သူ့ဓါတ်ပုံအစစ်အမှန်ကို သေချာတောင်းပေါ့။

ဒါတွေက အွန်လိုင်းပေါ်မှာ ဖြစ်လေ့ဖြစ်ထ ရှိတတ်တယ်လို့ နိုင်ငံတကာက ယူဆကြတဲ့ အချက် အလက်တွေပါ။





စကားဆုံးတော့ ကျွန်တော့်မှာ ရေတစ်ခွက်သောက်ရသည်။ ပြောတာများ၍ မောသွားခြင်းဖြစ်သည်။

ကျွန်တော့သူငယ်ချင်းကတော့ အေးဆေးပါပဲ။ မေးကထောက်ပြီး တွေဝေနေသည်။

"ဒါအကုန်ပဲလား"

မေးပြီး ရေထပ်ပေးသည်။

"အေး . . . ဟုတ်တယ်၊ အခြားနေရာတွေမှာလည်း တော့ရှိတာပေါ့၊ ဒါတွေက အဓိက နေရာတွေလေ"

သူခေါင်းတဆတ်ဆတ် ညိမ့်သည်။

ထို့နောက် ထိုင်ရာမှထပြီး -

"ငါပြန်ဦးမယ်"

ဆိုပြီး တောက်ကာငင်တာ ထပြန်သွားသည်။




■



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဗီလိုနဲ့ တစ်ပတ်နှစ်ပတ်ကြာသည့်တိုင်အောင် ကျွန်တော့်ဆီကို သူရောက်မလာခဲ့ပါ။

သုံးလေးပတ်ကြာတော့ ကျွန်တော်မနေနိုင်တော့ . . .။ ထို့ကြောင့် သူ့အိမ်သို့ ဖုန်းကောက်ဆက်လိုက်သည်။

သူ့အမေကြီးလာကိုင်သည်။

"ဟယ်လို . . . လှိုင်မင်းသိမ်းရှိလား အန်တီ"

"မရှိဘူးသားရဲ့ အခုတလော သားသူငယ်ချင်းလည်း ဘာတွေဖြစ်နေလဲ မသိပါဘူး"

"ဘာဖြစ်လို့လဲအန်တီ"

"မနက်ဆိုရင် ထွက်သွားတယ်၊ ညဘက်ဆိုရင် ချေးဝယ်တဲ့အိတ်ကြီးတွေနဲ့ ပြန်ရောက်လာပြီး အားကစားတွေလည်း လုပ်နေတာတွေ့ရတယ်၊ ပြီးတော့ သူတသင်တန်းသွားစရာရှိလို့ဆိုပြီး ထမင်းစားပြီးတာနဲ့ သွားတော့တာပဲသားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ အန်တီရယ်၊ သူကြိုးစားနေတာပဲ ကောင်းပါတယ်"

"အဟင်း . . . အန်တီလည်း အဲဒါလေးနဲ့ပဲ ဖြေသိမ့်နေရတာ"

စသည်စသည်ဖြင့် နည်းနည်းလေးပင့်ပေးလိုက်သည်။

အဖြစ်မှန်သာသိရင် သူ့သားအတွက် ဘယ်လောက်တောင်ကြေကွဲမလဲမသိ၊ ဒါနဲ့သူလည်း အသာအယာဖုန်းချပြီး စာအုပ်တို ဆက်ဖတ်နေလိုက်သည်။ အခုလောက်ဆိုရင်လှိုင်မင်းသိမ်းတစ်ယောက် အွန်လိုင်းပေါ်မှာ တော်တော်ကြီးပွားနေလောက်ပြီ။ ဘဲတွေနဲ့ပဲ တိုးပါစေဟု ဆုတောင်းလိုက်သည်။ တဲ . . . မှတ်ဟ။

■





## ကောင်လေးနှင့် ကောင်မလေး


## ကွာခြားချက်



www.burmeseclassic.com

www.burmeseclassic.com







အိပ်ခေတ်အသစ်တစ်ခေ

www.burmeseclassic.com

www.burmeseclassic.com







ထိမ်မက်အသစ်တစေ









ထိမ်မက်အသစ်တစေ

www.burmeseclassic.com

www.burmeseclassic.com







အိပ်မက်အသစ်တခုမ









အိပ်မက်အသစ်တခုဝ

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးရှင်းရှင်းလေး

ရည်းစားစကားပြောမယ်




www.burmeseclassic.com

www.burmeseclassic.com



( - )

သူငယ်ချင်းတစ်ယောက် ရောက်လာသည်။

"သူငယ်ချင်း"

"အေး . . . ပြော"

သောက်လက်စ အအေးကို ကုန်အောင် စုပ်သောက်လိုက်သည်။

"ငါ. . . ကောင်မလေးတစ်ယောက်ကို ရိုးရိုးရှင်းရှင်းလေး ရဲ့ ရည်းစားစကားပြောချင်တယ်ကွာ"

"ဘာလဲ . . . ဆန်းဆန်းပြားပြားပုံစံတွေမကြိုက်တော့ လို့လား"

"အဲဒီလိုတော့မဟုတ်ပါဘူး။ အခုငါ့ကောင်မလေးက နုနုသားသားလေးကွ၊ ဒီတော့ ငါကလည်းသူ့ကို ရည်းစားစကား ရိုးရိုးလေးပဲ ပြောချင်တယ်"

"အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာက အဲ့ဒီလိုမျိုးပေါက်ပေါက် ရှာရှာနည်းလမ်းတွေ ရှိတယ်ကြားလို့ . . . အဲ့ဒါ"

ပြောပြောဆိုဆို အအေးတစ်ခွက်ဟု လှမ်းမှာသည်၊ ခဏအကြာ စားပွဲထိုး လေးကချသော အအေးကို သူ့ရှေ့ ထိုးပေးသည်၊

"သူငယ်ချင်းသောက်"

နည်းနည်းမူနေလိုက်သေးသည်၊

နောက်တော့မှ သူ့အိတ်ထဲက မိတ္တူကူးထားသော စာရွက် တစ်ရွက်ကို ထုတ်ပေးလိုက်သည်၊

"ဟာ. . . မင်းဟာက အဆင်သင့်ပါလား"

"ဟုတ်တယ်၊ ပေါက်ပေါက်ရှာရှာ မေးတဲ့လူများလို့ အကြောင်းအရာပေါင်းစုံတို့ မိတ္တူအများကြီးကူးထားတာ"

သူငယ်ချင်းပျော်သွားသည်၊

စာရွက်တို့ဖတ်ကြည့်ပြီး-

"ငါ့ကောင်မလေးနဲ့ တွက်တီပဲကွ . . . ကျေးဇူးပဲ"

လိုတာရသွား၍ ပျော်သွား၍ထင်သည်၊

နှုတ်မဆက်နိုင်တော့ပဲ ချက်ချင်းထပြန်သွားသည်၊ လက်ထဲရှိ မိတ္တူတစ်စုံအား ဘာရယ်မဟုတ် သိပြီးသားဖြစ်သော်လည်း ထပ်ဖတ်ကြည့်မိလိုက်သည်၊





(၀)

ရည်းစားစကားမပြောခင်မှာ ကောင်မလေးနဲ့ ပတ်သက်တဲ့အချက်အလက်အနည်းငယ်စုဆောင်းပါ၊

သူမဘာကြိုက်တတ်တယ်၊ ဘာမကြိုက်ဘူး၊ သူမရဲ့ မြူးပုံတွေ၊ စကားပြောဟန် စတာတွေကိုပေါ့၊

ဒါတွေဟာ သင်ရည်းစားစကားပြောတဲ့အခါမှာ အထောက်အကူ အရမ်းပေးပါတယ်၊ ဥပမာ-ကောင်မလေးက ရှက်တတ်မယ်၊ တသီးတသန့် နေတတ်တဲ့သူဆိုရင်၊ သင်နဲ့ ကောင်မလေးနှစ်ယောက်ထဲရှိတဲ့ အချိန်မှာသာ ရည်းစားစကား ပြောသင့်ပါတယ်၊

အတယ်၍များ သင်ချစ်တဲ့ ကောင်မလေးက စွန့်စားရတာ ဝါသနာပါမယ်၊

ကစားခုန်စားရတာ ဝါသနာပါမယ်ဆိုရင်. . . သူငယ်ချင်းတွေနဲ့ အတူတူခရီးထွက်နေတဲ့အချိန် (သို့) သူ နှစ်သက်တဲ့ ကစားပွဲတစ်ခုပြီးတဲ့အချိန်မှာ ရည်းစားစကားပြောသင့်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



(၂)

မိန်းကလေးအားလုံးနီးပါး ပန်းကြိုက်တတ်ပါတယ်၊ ဒါဟာ ရှေးဟောင်းနည်းလေးတစ်ခုပါ၊ ဒါပေမယ့် သေချာသုံးရင် အဆင်ပြေနိုင်ပါတယ်၊

နှင်းဆီပန်းတစ်စီးလေးဝယ်၊ ပြီးတော့ သူမ မမြင်အောင် ကိုင်ပြီး သက်တောင့်သက်သာရှိတဲ့အချိန်မှာ ထုတ်ပေးပါ၊

ပြီးတော့ သင်က သူမကို ဘယ်လောက်ချစ်ကြောင်း သင့်အတွက် သူမဟာ ဘယ်လောက်အဓိပ္ပာယ်ရှိကြောင်း ပြောပြပါ၊

အောက်ပါအဓိပ္ပာယ်ပါသော စကားများအား ထပ်ဖြည့်ပြီးလည်း ပြောနိုင်ပါသည်၊

- တျန်တဲ့ဘဝတစ်လျှောက်လုံး သူမနဲ့ပဲအချိန်တွေ ကုန်ဆုံးချင်ကြောင်း
- အကယ်၍ ထိုသို့သော အခွင့်အရေးမရခဲ့ပါက တစ်ယောက်တည်းသာ နေချင်တော့ကြောင်း စသည် ဖြင့် ပြောနိုင်ပါသည်၊

သေချာဂရုပြုရမှာက သင့်အပြောအားလုံးသည် မှိုးသား နေပါစေ၊

ကောင်မလေးကိုလည်း လေးစားမှုရှိနေပါစေ၊





(၃)

သူမ၏ ကောင်းမွန်တဲ့အရာများကို လေ့လာပြီး လေးလေးနက်နက်ပြောပေးပါ၊

သူမ မိတ်ကပ်မလိမ်းထားတဲ့အချိန်မှာတောင် 'မင်းသိပ်လှတာပဲ'လို့ ပြောရင်အဆင်ပြေပါသည်၊

သူမစိတ်ညစ်နေတဲ့ နေ့မျိုးတွေမှာဆိုရင် သင်က အားပေးဖို့ မမေ့ပါနဲ့၊

အဲဒီ့အခါမှာ သူမကသင့်ကို လက်ခံဖို့ အသင့်ဖြစ်နေပါလိမ့်မယ်၊

အရေးကြီးတာတစ်ခုတော့ရှိပါတယ်၊ အထက်ပါ ကိစ္စတွေကို အလွန်အကျွံတော့ မလုပ်မိပါစေနဲ့၊ မယုံကြည်မှုတွေ ဖြစ်ပေါ်လာပြီး သင့်အတွက်အချစ်တွေက သူမဆီကနေ အဝေး လွင့်စင်သွားနိုင်ပါတယ်၊

www.burmeseclassic.com



(၄)

မိန်းကလေးတော်တော်များများက အလိုလိုက်တာကို ကြိုက်နှစ်သက်ကြတယ်။ ဒီတော့ သင်ရည်းစားစကား မပြောခင်မှာရော၊ ပြောပြီးတဲ့ အချိန်မှာပါ သင်ဟာ သူမအပေါ်ကို ညှာတာထောက်ထားတဲ့စိတ်ရှိကြောင်း ပြသဖို့သေချာပါစေ။ သူမစိတ်ထဲမှာ သင်ဟာသူမအတွက် အရာရာကောင်းမွန်ပြီး လိုက်လျောတဲ့သူဖြစ်အောင် ပြုလုပ်ပေးသင့်ပါတယ်။

ဒါပေမယ့် အဲ့ဒီလိုအချိန်မှာ သင်ဟာ ပျော့တိပျော့ညံ့၊ အရာရာကို အလွယ်တကူ လက်ခံတတ်တဲ့သူလို့ သူမ မထင်သွားပါစေနဲ့။

ဘာကြောင့်ဆို မိန်းကလေးတွေဟာ စိတ်ဓာတ်ခိုင်မာတည်ကြည်တဲ့ ယောကျာ်းတိုပဲ အလိုရှိပါတယ်။

ပျော့တိပျော့ညံ့ ကြောက်ရွံ့တတ်တဲ့ လူမျိုးကို သူတို့တအလိုမရှိတတ်ပါဘူး။





(၅)

ရည်းစားစကားပြောပြီးရင်လည်း သူမကို အဖြေမြန်မြန်ပေးဖို့၊ ချစ်တယ်လို့ပဲပြောဖို့ သိပ်ပြီးဖိအားမပေးပါနဲ့။

အဲဒီလိုဖိအားပေးမယ်ဆိုရင် သူမရဲ့ဂုဏ်သိက္ခာတွေကို ထိခိုက်လာနိုင်သလို သင့်တိုလည်း သူမနားကနေ ခပ်မြန်မြန်အဝေးလွင့်သွားစေနိုင်ပါတယ်၊

ပြောသင့်တာက -

“အချိန်ယူပါ၊ ကိုယ်စောင့်နိုင်ပါတယ်”

ဆိုတဲ့စကားပါ။

သိမ်မွေ့ပါ။ သူမကိုလည်းလေးစားပါ။

အကြောင်းအမျိုးမျိုးကြောင့် သူမကသင့်တို မချစ်နိုင်ဘူးဆိုရင် သင်ရည်းစားစကားပြောတဲ့ အချိန်မှာဖြစ်စေ၊ နောက်မကြာခင်မှာဖြစ်စေ . . . သင့်တို မချစ်နိုင်ဘူးလို့ပြောပါလိမ့်မယ်၊ သတိထားရမှာပါ၊ အဖြေတောင်းရင် အေးအေးဆေးဆေး ဖြစ်နေပါစေ။



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်၍မဆုံးခင် သူ့သူငယ်ချင်းအသိကောင်မလေး တစ်ယောက် ရောက်လာပြန်သည်။

"ဟဲ့ . . . ဘာစာတွေဖတ်နေတာလဲ"

"ကောင်မလေးကို ရည်းစားစကားပြောတဲ့ ပုံစံတွေပါ"

"ဟယ် . . . အတော်ပဲ"

သူလန့်သွားသည်။

"ဘာ . . . အတော်ပဲလဲ"

"ကောင်လေးတို့ ကောင်းမလေးတ ရည်းစားစကား ပြောလို့ရတဲ့နည်းတွေရှိလား သိချင်လို့ပါ"

"အင်း . . . ရှိတယ်"

"တကယ်"

"ဪ . . . တကယ်ပါဆို"

"ဒါဆို ငါ့ကိုပေးလိုက်ပါလား"

"အေး အေး ခဏလေး"

ဟုပြောပြီး အသင့်ရှိပြီးသားစာရွက်ကို ထိုးပေးလိုက်သည်။





(၁)

ဘေးနားမှာ လူအများကြီးရှိနေတဲ့အချိန်မဟုတ် နှစ်ယောက်တည်းသာရှိနေတဲ့ အချိန်မျိုးလေးတွေမှာ ချစ်စရာ စကားလေးတွေပြောဖို့အတွက် ပြင်ဆင်သင့်ပါတယ်။ ဘောလုံးပွဲတို့ ကစားပွဲလုပ်နေတဲ့ အချိန်တို့မှာ မပြောသင့်ပါဘူး။

(၂)

သင်ရည်းစားစကားပြောတဲ့အချိန်ကို အမှတ်တရ ဖြစ်အောင်ပြုလုပ်ပါ။

ယောက်ျားတွေကလည်း မိန်းကလေးတွေလိုပဲ ကြည်နူးမှုလေးတွေ ဆွဲဆောင်မှုတွေကို အရမ်းကြိုက်တတ်ပါတယ်။ ဒီတော့ ရည်းစားစကား ပြောတဲ့အခါကျရင် ပျော်ရွှင်စရာကောင်းတဲ့ နည်းလမ်းလေးတွေ (သို့) အမှတ်တရဖြစ်စရာ နည်းလမ်းလေးတွေကို အသုံးပြုသင့်ပါတယ်။

ဥပမာ-သူ့အတွက် တကယ့်အထင်တရနေရာမျိုးမှာတို့ ဘာတို့ပေါ့။

သူကြီးပြင်းတဲ့နေရာ၊ သူအမှတ်တရရှိတတ်တဲ့နေရာ၊ သူကြိုက်တဲ့နေရာ စသည်ဖြင့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

(၃)

မိန်းကလေးမှ မဟုတ်ပါဘူး။ ယောကျ်ားလေးလည်း ပန်းကြိုက်တာပဲ၊ ဒီတော့ ဗယ်လင်တိုင်းဒေးလိုနေ့မျိုးမှာ နှင်းဆီပန်းစီးကြီးဝယ်၊ ပြီးတော့ ကတ်ပြားလေးတစ်ခုချိတ်ပြီးတော့ 'ငါ့ကို ချစ်နိုင်မလား'လို့ ရေးပေးကြည့်ပါ။

(၄)

တစ်ခုသတိထားရမှာက သင်ဘယ်လိုပဲလုပ်လုပ်၊ သင်လုပ်နေတဲ့ ပုံစံတွေက အရှုံးအမူးဖြစ်နေတဲ့ပုံစံတွေ၊ အသည်းအသန်ဖြစ်နေတဲ့ ပုံ ်တွေ မလုပ်ရပါဘူး။

(၅)

ပြောတော့မယ်ဆိုရင် Romance ဆန်ဆန်လေး စီစဉ်တတ်ရပါမယ်၊ ဥပမာ-သူ့ကိုအရမ်းလူမများသောဆိုင်လေးတစ်ဆိုင်မှာချိန်းလိုက်ပါ၊

ဆိုင်ရဲ့ထောင့်စွန်းခုံလေးကိုရွေး၊ သင်ကတော့ သင့်ပုံစံနဲ့လိုက်ဖက်မယ့် အဝတ်အစားပုံစံစမတ်ကျကျလေးတော့ ဝတ်ထားပေါ့၊ အနက်ရောင်ဖြစ်ရင်တော့ပိုတောင်းပါတယ်၊ သူကြိုက်တတ်တဲ့ အဖျော်ကို မှာလိုက်ပါ၊ စကားနည်းနည်းပြောရင်းနဲ့ သူအဖျော်ခွက်ကို နောက်ဆုံးသောက်နေတဲ့အချိန်မှာ သင်ပြောချင်တဲ့စကားကို ပြောလိုက်ရပါမယ်၊

ဂရုပြုရမှာက သူ့စိတ်တွေမွန်းမကျပ်နေဖို့ရယ်ပါ၊ သက်တောင့်သက်သာရှိနေပါစေပေါ့၊

■





# ရည်းစားစကားပြောဖို့အတွက် နည်းလမ်းလေးအချို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကပဲ ကောင်မလေးကို ချစ်ချစ်၊
ကောင်မလေးကပဲ ကောင်လေးကိုချစ်ချစ် . . .။

သူတို့အချစ်တိုပြဖို့အတွက် လူတိုင်းဟာ အမျိုးမျိုးသော ည်းလမ်းတွေကို အသုံးပြုကြပါတယ်။

အောက်ပါနည်းလမ်းလေးတွေက သူတို့အသုံးပြုနေကျ ည်းလမ်းလေးတွေရော၊ ဆန်းသစ်မယ်ထင်တဲ့နည်းလမ်းလေးတွေ ‌ဖော်ပြထားပါတယ်။

ထိပ်မတ်အသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ပိုက်ဆံတတ်နိုင်ရင် ဒီနည်းကိုသုံးကြည့်စေချင်ပါတယ်။ ဒီနေ့ဟာ ဗယ်လင်တိုင်းဒေး(သို့)ချစ်ခြင်းအတွက် အကြောင်းပြုထို ကောင်းတဲ့ နေ့မျိုးတွေမှာ သူ့ကို လက်ဆောင်လေးတစ်ခုပေးပြီး ချစ်ခွင့်ပန်တာဟာ နည်းလမ်းတစ်မျိုးပါ။

လက်စွပ်လေးဝယ်ပါ။ ပြီးရင် လက်စွပ်လေးမှာ ကြိုးမျှင်လေးတစ်ခုနဲ့ ကတ်သေးသေးလေးချိတ်ထားပါ။

ကတ်လေးပေါ်မှာတော့ သင့်အချစ်အကြောင်း (ဒါမှ မဟုတ်. . . သင်က သူ့ကို ဘယ်လိုချစ်ကြောင်း စတာတွေကို စာလုံးမကြီး၊ မသေးနဲ့ ရေးထားပါ။

ဆိုင်ထဲမှာ တစ်ခုခုစားနေတဲ့ အချိန်မှာဖြစ်စေ. . .၊

ခွဲခွာလို့နှုတ်ဆက်ခါနီး သက်တောင့်သက်သာရှိနေတဲ့ အချိန်မျိုးမှာ. . .

တတ်နိုင်ရင် နေရောင်ဝင်သွားတာကိုကြည့်ပြီး နှစ်ယောက် အတူ နှုတ်ဆက်နေတဲ့အချိန်မျိုးမှာ ထိုလက်ဆောင်လေးကို ပေးလိုက်ပါ။





(၂)

သင့်ချစ်သူကြိုက်နှစ်သက်တဲ့ Radio ကနေလည်း ရည်းစားစကားပြောလို့ရပါတယ်။ ထိုသို့လုပ်တဲ့နေရာမှာ၊

- သင်ပြောတဲ့စကားလွှင့်နေတဲ့ အချိန်မျိုးမှာ သင်ချစ်တဲ့သူ နားထောင်နေအောင်လို့ သင်ကကြိုးစားထားရပါမယ်။
- လေလှိုင်းပေါ်က လွှင့်တဲ့စကားလုံးစာသားဟာ သင်တို့နှစ်ဦးသာ နားလည်နိုင်တဲ့စကားဆိုရင် ပိုတောင်းပါမယ်။

(ဒီနည်းလမ်းဟာ FM တွေက စီစဉ်မှုရှိမှသာ ပြုလုပ်နိုင်ပါမယ်။)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



(၃)

ဒါကတော့ နည်းနည်းရှုပ်ပါတယ်။ ဒါပေမယ့် အ တတ်ဆန်းလုပ်ချင်တဲ့လူတွေအတွက်ကတော့ အဆင်ပြေနိုင်ပါတယ်။

ပထမဆုံး သင်နေတဲ့အိမ် (သို့) တစ်နေရာရာမှာ သင် ချစ်တဲ့သူအကြောင်း ပြုစုထားတဲ့ပုံတွေ၊ စာတန်းတွေ စသည်တို့ကို ဗီဒီယိုရိုက်ပြပါ။

သင်ကိုယ်တိုင်ပါဝင်ပြီး အခြားတစ်ယောက်က ရိုက်ပေး နေတာ ဆိုရင်တော့ ပိုကောင်းတာပေါ့။

ဗီဒီယိုထဲမှာ သင်ကသူ့ကို အရူးအမူးဖြစ်တဲ့အကြောင်းကို စိတ်ဝင်စားစရာ ဇာတ်လမ်းပုံစံလေးပြုလုပ်နိုင်ရင်တော့ ပိုကောင်း ပါမယ်၊

သင်က စိတ်ဝင်စားအောင်ပြုလုပ်နိုင်လေ သူကချစ်နိုင်ဖို့ အခွင့် အလမ်းသာလေလေပါပဲ။

ရိုက်ပြီးသား CD (သို့)တိပ်ကိုတော့ ပန်းစည်းလေးနဲ့အတူ သူ သူငယ်ချင်းတစ်ယောက်ယောက်တနေ(သို့)ကိုယ်တိုင်ပေး ကြည့်ပါ။ သိပ်စိတ်ဝင်စားစရာကောင်းပါလိမ့်မယ်၊





(၄)

ဒါကတော့ နည်းနည်း အလုပ်ရှုပ်တယ်၊ ပိုက်ဆံလည်း ကုန်နိုင်တယ်ဗျ၊ လုပ်နိုင်ရင်တော့ မဆိုးဘူး၊ ပထမဆုံးသင်ကြိုက်နေ တဲ့ သူကို သူ့သူငယ်ချင်းတွေနဲ့အတူတူ ရုပ်ရှင်ကြည့်ဖို့ ဖိတ်လိုက်ပါ။

သူကလိုက်ဖို့သဘောတူပြီဆိုရင် လက်မှတ်ဝယ်နဲ့ဦး . . . ။ ရုံရဲ့ မန်နေဂျာနဲ့အရင်ညှိရမယ်။ ဘာညှိရမှာလဲဆိုတော့၊

ရုပ်ရှင်မပြခင် ကြော်ငြာထိုးတဲ့နေရာမှာ သင်ကစာတန်း လေး တစ်ခုနှစ်ခု ထိုးပြချင်ကြောင်းအရင်ညှိပါ။

သူကမေးပါလိမ့်မယ်၊ ဘာစာတန်းလဲပေါ့၊ သေချာရှင်းပြ လိုက်ပါ၊ ရုပ်ရှင်ကို သင်ချစ်သော တောင်မလေးနှင့်အတူတူ လာ ကြည့်မှာဖြစ်ကြောင်း . . . ။ ထို့ကြောင့် ရုပ်ရှင်ပိတ်ကားပေါ်မှာ သူ့ရဲ့ချစ်ကြိုက်ကြောင်းရေးထားတဲ့ စာတန်းလေးကို ကြော်ငြာချင် ကြောင်းပြောပြလိုက်ပါ၊

သူကခွင့်ပြုမယ်ဆိုရင်တော့ သင်ပျော်စရာကြီးပေါ့၊

စာသားကိုတော့ သေချာရွေးနော်. . . ။ ပေါပေါ လောလောကြီး မဖြစ်ပါစေနဲ့ . . . ။

ကဲ . . . ဒါဆို၊

ရုပ်ရှင်လက်မှတ်ဝယ်၊ ပြီးရင် ရုပ်ရှင်ရုံထဲကိုအစောကြီးဝင်. . ။ ထား. . ပိတ်ကားစဖွင့်ပြီ. . ။ ကြော်ငြာတစ်ခုစလာ နေပြီ. . . ။

နောက်ပြီး . . . သင့်စာသားလေး . . .

သင့်အချစ်အကြောင်းကို ဖော်ပြထားတဲ့စာသားများ. . .

သင်ချစ်နေတဲ့သူအပါအဝင် ရုပ်ရှင်ရုံတစ်ရုံလုံး အံ့သြ သွားပါလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



(၅)

ဒါကတော့ ရိုးပါတယ်၊ သင့်ချစ်သူရဲ့မွေးနေ့မှာ အမှတ်တရဖြစ်သွားအောင် လက်ဆောင်နဲ့အတူ ရည်းစားစကား ပြောတာပါ။

(၆)

သိပ်မခက်တဲ့ အရုပ်ဆက်တဲ့ဟာလေးဝယ်ပါ၊ ပြီးရင် သက်တောင့် သက်သာရှိတဲ့အချိန်မှာ သူ့ကိုဆက်ခိုင်းပါ။

အဲဒီအခါမှာ သင်က အပိုင်းအစလေးတစ်ခု ဝှက်ထားရပါမယ်၊ သူအရုပ် (သို့) ဉာဏ်စမ်းလေးဆက်နေလို့ပြီးခါနီးကျရင် တစ်ခုလိုနေကြောင်း သင့်ကိုပြောပါလိမ့်မယ်၊

သင်ကဝှက်ထားတဲ့ အပိုင်းအစလေးကို ထုတ်ပေးလိုက်ပါ၊ ပြီးတော့ သူ့ကိုစာရွက်လေးတစ်ရွက်လဲ ပေးလိုက်ပါ၊

နင်ငါ့ကို ပြန်ချစ်ပါလား ... ဒီအပိုင်းအစလေးလို နင်ရှိမှ ငါ့ဘဝက ပြည့်စုံမှာပါ။

(၇)

စာအုပ်လေးတစ်အုပ်ထဲမှာ 'နင့်ကိုငါချစ်တယ်' ဆိုတဲ့ စကားကို ဘာသာစကားမျိုးစုံနဲ့ ရေးပေးပါ။

နောက်ဆုံးစာမျက်နှာ နှစ်မျက်နှာတွင် အင်္ဂလိပ်စာနှင့် မြန်မာစာ ဖြစ်နေရပါမည်၊





(၈)

နည်းဟောင်းတစ်ခုပါ၊ လုပ်ရဲကလုပ်ကြည့်ပါ သိပ်ကောင်းတဲ့ နည်းပေါ့၊

သူ့ရှေ့မှာ ဒူးထောက်လိုက်ပါ၊

ပြီး ... နှင်းဆီပွင့်လေးကို ကမ်းပေးရင်း -

"ငါနင့်ကိုချစ်တယ်" လို့ပြောကြည့်ပါ၊

သိပ်ကြွေဖို့ကောင်းသွားမှာပါ၊

လေးစားစွာဖြင့်

လူနေ



www.burmeseclassic.com